ခေတ်စမ်းကဗျာများ-၁။

# KHITSAN KABYA-I.


မြန်မာပြည်ပညာပြန့်ပွါးရေးအသင်း

THE BURMA EDUCATION EXTENSION ASSOCIATION.

မြန်မာနိုင်ငံပညာပြန့်ပွါးရေးအသင်း

ခေတ်စမ်းစာပေကျမ်းစဉ်—၃

တည်းဖြတ်အုပ်ချုပ်သူ—ဦးဖေမောင်တင်

# ခေတ်စမ်းကဗျာများ

ပဌမတွဲ

တတိယနှိပ်ခြင်း

# KHITSAN KABYA

## VOLUME I.

*Third Edition.*

**BURMA EDUCATION EXTENSION ASSOCIATION**

MODERN LITERATURE SERIES No. 3

*General Editor:*—PE MAUNG TIN, B. Litt.

1937

| | | | | | |
|---|---|---|---|---|---|
| *First* | *Edition* | *2000* | *Copies* | *July,* | *1934.* |
| *Second* | ,, | *2000* | ,, | *May,* | *1936.* |
| *Third* | ,, | *2000* | ,, | *July,* | *1937.* |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | အခန်း ၁—မောင်ဖမောင် | ၁—၁၃ |
| ၁ | ပန်းသဇင် .... .... | ၁ |
| ၂ | ကံနဲ့သူနတ်ရှင်နောင် .... .... | ၃ |
| ၃ | မှုံပြာရီ .... .... .... | ၄ |
| ၄ | ယဉ်ပျိုမြူ .... .... .... | ၅ |
| ၅ | ချစ်သက်ဝေ .... .... | ၅ |
| ၆ | ဘိုးခေါင်ငှက် .... .... | ၉ |
| ၇ | လောကဓာတ်ရုံ .... .... | ၁၁ |
| | အခန်း ၂—မောင်သိန်းဟန် | ၁၃—၄၂ |
| ၁ | ဝိတောက်ပန်း .... .... | ၁၃ |
| ၂ | ကြောင်မနက်ပြာ .... .... | ၁၄ |
| ၃ | စပယ်ဖြူ .... .... .... | ၁၅ |
| ၄ | ညနေချမ်း .... .... | ၁၆ |
| ၅ | ဝမ်းဘဲငှက် .... .... | ၁၇ |
| ၆ | အလားအလာ .... .... | ၁၇ |
| ၇ | ရွှေကျီးညို.... .... .... | ၁၈ |
| ၈ | နံနက်သဘင် .... .... | ၂၀ |
| ၉ | မိုးဆွေငှက် .... .... | ၂၀ |
| ၁၀ | သီချင်းသီကလေး .... .... | ၂၁ |
| ၁၁ | ပွင့်စမာလာအားပန်ကြားချက် .... | ၂၂ |
| ၁၂ | လိုက်ကြအုံးမယ်လော့ .... .... | ၂၄ |
| ၁၃ | ရွှေဦးဝင်သော် .... .... | ၂၅ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄ | တွေးကြည့်စမ်းပါ .... .... | ၂၅ |
| ၁၅ | ဤမြေချာ .... .... .... | ၂၆ |
| ၁၆ | လမင်းနှင့်ဇီးကွက် .... .... | ၂၇ |
| ၁၇ | ဌက်စွန်အားပန်ကြားချက် .... | ၃၀ |
| ၁၈ | ခရုသင်းသံ .... .... | ၃၂ |
| ၁၉ | ထပြည့်ဝန်း .... .... | ၃၃ |
| ၂၀ | တခုသောသင်္ကြန်အခါ.... .... | ၃၄ |
| ၂၁ | နန္ဒမူလိုက် ... .... .... | ၃၆ |
| ၂၂ | ဤကြာကန် .... .... | ၃၇ |
| ၂၃ | သားအမိ .... .... .... | ၃၉ |
| ၂၄ | သင်္ကြန်အခါအလံတိုင်ဘုရားမှာ .... | ၄၀ |
| | အခန်း ၃—မောင်ညွန့် | ၄၂—၅၀ |
| ၁ | ဒိုဘခင် .... .... .... | ၄၂ |
| ၂ | ဈွဦဩ .... .... .... | ၄၄ |
| ၃ | နွေဂိံမန် .... .... .... | ၄၅ |
| ၄ | ယမုံနာ .... .... .... | ၄၇ |
| ၅ | ခေါင်းပေါမန် .... .... | ၄၈ |
| ၆ | သွန်းညောင်ရေ .... .... | ၄၉ |
| | အခန်း ၄—မောင်စန် | ၅၀—၆၉ |
| ၁ | ခါနွေဆန်းတော့ လွမ်းဖိတယ် .... | ၅၀ |
| ၂ | နွေဦးပေါက်တော့ .... .... | ၅၂ |
| ၃ | ရှေးနှင့်မတူ .... .... | ၅၃ |
| ၄ | မောင်ထွေးတို့ .... .... | ၅၃ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅ | ရွှေတော်ပြေး .... .... | ၅၇ |
| ၆ | မေတ္တာ .... .... .... | ၅၇ |
| ၇ | ကိုယ်စား .... .... .... | ၅၈ |
| ၈ | နှစ်ဇာတ်တစိတ် .... .... | ၅၈ |
| ၉ | ခွင့်မသာ .... .... .... | ၅၉ |
| ၁၀ | စာသိုက် .... .... .... | ၆၀ |
| ၁၁ | တယောရှင် .... .... | ၆၁ |
| ၁၂ | ပင်လယ်ဗွေ .... .... | ၆၂ |
| ၁၃ | ရွှေချိုးဖြူ .... .... .... | ၆၃ |
| ၁၄ | အမယ့်ကိုယ်စား .... .... | ၆၄ |
| ၁၅ | စက်တော်ရင်းဝယ် .... .... | ၆၅ |
| ၁၆ | ပျော့သံ .... .... .... | ၆၆ |
| ၁၇ | တွယ်ရာမဲ့ .... .... .... | ၆၇ |
| ၁၈ | တရားဦးဟောလွှဲပါ .... .... | ၆၈ |
| | အခန်း ၅—မောင်တိုးအောင် | ၆၉—၇၈ |
| ၁ | မြိုင်ရဂုံ .... .... .... | ၆၉ |
| ၂ | ပရိယောသန .... .... | ၇၀ |
| ၃ | မာကြပါစေ .... .... | ၇၁ |
| ၄ | ခါဝသန် .... .... | ၇၂ |
| ၅ | ကျွန့်ဌာနေ .... .... | ၇၃ |
| ၆ | ခါဟောမန် .... .... | ၇၄ |
| ၇ | စိုးနှင့်မေ .... .... | ၇၅ |
| ၈ | မိုးရာသီ .... .... | ၇၆ |
| ၉ | ရွှေကြက်တူ .... .... | ၇၇ |

| ဦးရေ | အကြောင်းအရာ။ | စာမျက်နှာ။ |
|---|---|---|
| | အခန်း ၆–မခင်စောမူ | ၇၈–၈၄ |
| ၁ | ဓမ္မတာ .... .... .... | ၇၈ |
| ၂ | ဖြေမပြေ .... .... .... | ၇၉ |
| ၃ | အဓိဋ္ဌာန် .... .... .... | ၈၀ |
| ၄ | လိပ်ပြာနှင့်ကြာကုမုဒ် .... .... | ၈၁ |
| ၅ | ကျွန်တော့်တ .... .... | ၈၂ |
| ၆ | သက်ထားငယ်ကျွမ်း ဦးခေါက်ပန်း | ၈၃ |
| | အခန်း ၇–မောင်ဘသောင်း | ၈၄–၈၉ |
| ၁ | ဆံထုံးရကန် .... .... | ၈၄ |
| ၂ | လဲ့လဲ့ဝင်း.... .... .... | ၈၆ |
| ၃ | နှင်းမှုံဝေ .... .... .... | ၈၇ |
| ၄ | လွမ်းစေတီ .... .... | ၈၈ |
| | အခန်း ၈–စောမောင်မောင် | ၈၉–၉၈ |
| ၁ | မယ်ဘွဲ့ပိုဒ်ရံ စကြာရတု .... | ၈၉ |
| ၂ | မောင်ဘွဲ့ပိုဒ်ရံ .... .... | ၉၂ |
| ၃ | ပိုဒ်ရံမောင်ဘွဲ့ .... .... | ၉၄ |
| ၄ | ဇရာဝတီဖြစ်စေပိုဒ်ရံ .... .... | ၉၆ |

# နိဒါန်း

ယခု ပုံနှိပ်ထုတ်ဝေသော ခေတ်စမ်း ကဗျာစာအုပ်သည်၊ ၈ ထို့လောက၌ ပုံနှိပ်ပြီးသော ကဗျာရှများမှရွေးချယ်၍ ၎င်းတို့ကိုရေးသားသော သူများပင် တက္ကသိုလ်မဂ္ဂဇင်း၌ ရေးသားသော ကဗျာသစ် ကဗျာဆန်းများနှင့်တကွ ရပေါင်း၍ ပုံနှိပ်သော ကဗျာစာအုပ်ဖြစ်ပါသည်၊ ခေတ်စမ်းပုံပြင်– ၁–၌ ဖော်ပြပြီးသည့်အတိုင်း၊ တပည့်ရင်းဖြစ်သောသူတို့၏ကဗျာများကိုသာ ယခုပုံနှိပ်ရခြင်းသည်၊ အခြား သူများရေးသော ကဗျာများထက်ပို၍ ကောင်းမွန်သည်ဟု ထင်မြင်သောကြောင့် မဟုတ်၊ တပည့်ရင်းများ၏ အကြောင်းကို သေချာစွာသိနိုင်ပြီးဖြစ်သဖြင့် အလွယ်တကူ ရွေးချယ် လိုက်ခြင်းသာဖြစ်ပါသည်၊ အခြားသောကဗျာများကို နောက်ထုတ်ဝေမည့် စာအုပ်များတွင်ပုံနှိပ်မည်ဖြစ်ပါကြောင်း၊

မောင်ဇော်မောင်၊မောင်သိန်းဟန်၊မောင်ဝန်၊မောင်တိုးအောင်တို့၏ အကြောင်းကို၊ "ခေတ်စမ်းပုံပြင်–၁" တွင် ရေးသား ဖော်ပြပြီး ဖြစ်လေသည်၊ လူသစ်ဖြစ်သော၊ မောင်ညွှန့်၊ မခင်စောမူ၊ မောင်စောမောင်မောင်၊မောင်ဘသောင်းတို့၏ အကြောင်းကို၊ ယခုအနည်းငယ်ရေးသားဖော် ပြပါအံ့၊

မောင်ညွှန့်သည်၊ ၁၂၈၉– ခုနှစ်၊ မြန်မာ ဂုဏ်ထူး ဝိဇ္ဇာတန်းစာမေးပွဲတွင်ဖြေဆိုအောင်မြင်ခဲ့လေသည်၊၎င်းနောက်၊တက္ကသိုလ်ကျောင်းတိုက်တွင် မြန်မာစာ နည်းပြဆရာ အဖြစ်နှင့် ပညာကိုဆက်လက် ဆည်းပူးနေစဉ် အတွင်းမှာပင်၊ ပထမဆုံး အကြိမ်ကျင်းပအပ်သော မြန်မာစာဂုဏ်ထူး မဟာဝိဇ္ဇာစာမေးပွဲကို ဖြေဆိုအောင်မြင် ပြန်လေသည်၊ စာပေအရေးအသား အပြော အပြော၊ ဝါသနာပါ၍၊ ကျောင်းသားအဖြစ်နှင့် ပုဂံကျောင်းဆောင်တွင်နေစဉ်အခါက၊ ယခုထက်တိုင်တည်တန့် ကျော်ကြားလျက်ရှိသော "ပုဂံလက်ဆီး" သက်ရေးသတင်းစာကို၊ တည်ထွင် ထုတ်

ဝေခဲ့လေသည်၊ ယခုအခါမှာမူ၊ မောင်ညွန့်သည် ပညာရေး ဌာနတွင် အမှုတော်ထမ်းလျက်ရှိသည်၊

မခင်စောမူသည်၊ ၁၂၉၄-ခုနှစ်၊ မြန်မာစာဂုဏ်ထူးဝိဇ္ဇာတန်းစာမေးပွဲတွင်၊ ဖြေဆိုအောင်မြင်ခဲ့လေသည်၊ တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်းနှင့် ဂန္ထလောကမဂ္ဂဇင်းတို့တွင်၊ ပုံပြင်များနှင့်လင်္ကာတိုများကို ရေးသားလေသည်၊ ယခု အခါမှာမူ၊ ဆရာဖြစ်သင်ကျောင်းတိုက်၌၊ ဆရာဖြစ်ပညာကို ဆက်လက် သင်ကြားနေလေသည်၊

မောင်စောမောင်မောင်သည်၊ ၁၂၉၅-ခုနှစ်၊ မြန်မာစာဂုဏ်ထူးဝိဇ္ဇာတန်းစာမေးပွဲတွင်၊ ဖြေဆိုအောင်မြင်ခဲ့လေသည်၊ စာပေအရေးအသား ဝါသနာပါ၍၊ တက္ကသိုလ်ကျောင်းတိုက် မဂ္ဂဇင်း၊ ဂန္ထလောက မဂ္ဂဇင်းနှင့် မြန်မာမဂ္ဂဇင်းများတွင်၊ ရေးသားလေသည်၊ ယခုအခါမှာမူ၊မြန်မာစာဂုဏ်ထူး မဟာဝိဇ္ဇာအတန်းတွင်၊ ပညာဆက်လက်သင်ကြားလေသည်၊

မောင်ဘသောင်းသည်၊ ၁၂၉၄-ခုနှစ်တွင်၊မြန်မာစာ၌အထူးရ၍ ဝိဇ္ဇာတန်း စာမေးပွဲကို အောင်မြင် ခဲ့လေသည်၊ စာပေအရေးအသားဝါသနာပါ၍၊တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်း၊ ဂန္ထလောကမဂ္ဂဇင်းနှင့် မြန်မာမဂ္ဂဇင်းများတွင်၊ရေးသားလေသည်၊ ယခုအခါမှာမူ၊ မဟာဝိဇ္ဇာတန်းတွင် ပညာဆက်လက် သင်ကြားလျက်ရှိ၏၊

ယခုပုံနှိပ်အပ်သော ကဗျာများသည် လူငယ်များ ရေးသားကြသည်အတိုင်း ခေတ်စမ်းကဗျာများဖြစ်ကြ၏၊ ခေတ်စမ်းသည်ဆိုရာ၌ အဖွဲ့အမျိုးအစားခေတ်စမ်းသည်ဟုမဆိုလို၊ စိတ်ကူးခေတ်စမ်းသည်ကိုသာဆိုလိုပါသည်၊ ၎င်းလူငယ်များသည် ရှေးပညာရှိများ ချန်လှပ်ထားခဲ့သည့် ပန်းသဇင်၊ ဘိုးခေါင်ဌက် စသော သေးငယ်သော အကြောင်းများကို အများအားဖြင့် ဖွဲ့ဆိုကြလေသည်၊

လောကတွင် ကြီးကျယ်ခမ်းနားသော အရာသာလျှင် အရေးကြီး အရာဝင်သည်မဟုတ်၊ ရှူးနေရာမှာရှူး ခေါက်နေရာမှာခေါက် ဆိုသကဲ့သို့ သေးငယ်သော အရာသည်လည်း သက်ဆိုင်သည့်ဌာနတွင် အရေးကြီးအရာဝင်ပေသည်၊ မြင်းမိုရ်တောင်ကြီးမရှိလျှင် စကြာဝဠာကြီးပြည့်စုံနိုင်မည်မဟုတ်သကဲ့သို့၊ နေဇာမြက်မရှိလျှင်လည်း စကြာဝဠာကြီးပြည့်စုံနိုင်မည်မဟုတ်၊ ထိုအကြောင်း များကို ထောက်၍ ယခု ခေတ်စမ်းကဗျာဖွဲ့ဆိုကြသော လူငယ်တို့သည် လေးနက်ကြီးကျယ်သော အကြောင်းအရာများထက် မျက်မြင်နားကြားနေ့စဉ် တွေ့ကြုံနေရသည့် သေးငယ်သော အကြောင်းများကိုဖွဲ့ဆိုရန်အခွင့်သင့်သည်အတိုင်းဖွဲ့ဆိုကြလေသည်၊ ဤသို့ဆိုရာတွင် ရှေးပညာရှိများသည် ဤနည်းတူ မဖွဲ့ဆိုခဲ့ကြဟု မဆိုလိုပါ၊ ဝန်ကြီး ပဒေသရာဇာသည် ထန်းတက်သမားအကြောင်း စသော တျာချင်းများကိုဖွဲ့ဆိုခဲ့၏၊ စလေ ဦးပုညသည်ဆယ်အိမ်ခေါင်း အကြောင်းစသောကဗျာချင်းကိုဖွဲ့ဆိုခဲ့၏၊ သို့ပါသော်လည်း ထိုကဲ့သို့သောအဖွဲ့များသည်ပြောပလောက်အောင်မများပြားကုန်၊

ဤသို့ လမ်းသစ်ထွင်၍၊ သို့မဟုတ်၊ ရှေးအခါက ထွင်ခဲ့သော်လည်းအများက မလိုက်ဘဲလျစ်လျူပြုခဲ့သော လမ်းစကလေးများကိုလိုက်၍၊ တပည့်လူငယ်များသည် စိတ်ကူးအသစ် ဖြစ်သော ဤခေတ်စမ်းကဗျာကိုဖွဲ့ဆိုကြလေသည်၊

ကဗျာမည်သည်လည်း လူတို့၏ စိတ်ကို ပျော်ရွှင်စေရုံ၊ ယဉ်ကျေးစေရုံသာ စွမ်းဆောင်နိုင်သည်မဟုတ်၊ ခေတ်၏ အကြောင်းကိုလည်း ရာဇဝင်ကဲ့သို့ပေါ် ပြရန်စွမ်းဆောင်နိုင်၏၊ ရှင်မဟာသီလဝံသအစရှိသော ခေတ်ပြိုင်ကဗိကြီးများဖွဲ့ဆိုခဲ့သည့် ပျို့ကဗျာများကိုလေ့လာသောအခါ၊ အင်းဝကောင်းစားသောခေတ်၌ တိုင်းပြည်နိုင်ငံ၏အခြေအနေ၊ရှင်လူဘို့၏အထွေထွေ ပွဲတို့စသော အကြောင်းအရာများကို သိရသကဲ့သို့၊ ဤခေတ်စမ်းကဗျာများ၌လည်း မျက်မှောက်ခေတ်၏ အခြေအနေတို့သည် ရေးသူတို့၏ စိတ်ခါတ်တွင် မည်သို့ထင်ပေါ် ကြသည်ကိုသိရှိရ၏၊

# နိဒါန်း

ဤစာအုပ်တွင် ပါဝင်ရေးသား ကြသော တပည့် လူငယ်တို့သည်ပညာရှာဆဲမျှသာဖြစ်ရကား၊ မြေစမ်း၍ ခရမ်းပျိုးနေရသည်ဖြစ်သောကြောင့်၊ မပြေပြစ်မကျစ်သစ် မသိပ်သည်းမပြည့်စုံသောအဖွဲ့မျိုးကို ဖွဲ့ဆိုပါမူ၊ ခဲပြစ်လွတ်ရန်သာ ဖြစ်တော့သည်၊ ကဗျာမည်သည်နှဲ့ခြင်းညခြင်းကြီးပြင်းနိုင်သောအရာမဟုတ်၊ ဤခေတ်စမ်းကဗျာများကို အခြေပြု၍ နောင်လာနောက်သား ကဗျာဖွဲ့ဆိုကြသောသူတို့သည်၊တိုးတက်ကြံစည်ဖွဲ့ဆိုကြပါမူ တခေတ်ထက်တခေတ်ကောင်းမွန်ပြည့်စုံသွားရန်အကြောင်းရှိပါကြောင်း၊

ဖေမောင်တင်။

# ခေတ်စမ်းကဗျာများ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အခန်း—၁

ရေးသူ—မောင်အေးမောင်

## ၁—ပန်းသဇင်

၁။ ခါနွေလေပြန်၊ သူရကန်မူ၊
ဆုထန်တက်ကြွေ့၊ ပူလျှံငွေ့ကို၊
မတွေ့သဘော၊ နှမြောဖျော်သို့၊
မပျို့သည့်သွင်၊ ညွန့်မရှင်လို၊
မိုးယပ်းတွင်ဝိုလွှန်း၊ နွေညွှန်းပူတောင်း၊
မသင့်ကောင်းဟု၊ ခါဆောင်းနှင်းသွဲ၊
မင်းလွင့်ဖွဲ့မှ၊ ပြုံ့ပြုံ့ညှာချို၊
ဖူးပွင့်ညီသား၊ ပြိုပြိုချင့်လို၊
အကျင့်ချိုသည်၊ ။ဒို့ဘယ်တော်ဝင်ပြုပန်းသဇင်၊

၂။ ခဏ္ဍာခဏ္ဍရီ၊ နှင်းဆီဂန္ဓမာ၊
ဇီဇဝါအင်ကြင်း၊ ရင်းမာသော်ကာ၊
ပန်းချုံ့ထိုထို၊ မြေကိုမှီတွယ်၊
ဖူးပွင့်ချယ်ကို၊ ဘယ်ဝယ်မဘာ၊
ရနိုင်သည်ပင်၊ ညွန့်ရှင်ခက်ဝေ၊

မြေနှင့်တရံ၊ မဆက်ခံသား၊
ပန်းပျံထွတ်ချာ၊ သင်ဝတ်လွှာမှာ၊
ခက်စွာဝေသီ၊ မြင့်ပင်ဆီဝယ်၊
ရောင်ရီစရာ၊ တ,ကာလိုက်ဖို၊
ဆွေးဘွယ်ပိုသည်၊ ။အို,ဘယ့်တော်ဝင် ပန်းသဇင်၊

၃၊ ယဉ့်နွဲ့မြင့်ပြန်၊ သင့်အာဟာန်မူ၊
သညာအွန်ငွေကြူ၊ သီဘဂူလို၊
ဖြူသန့်ရှင်းစင်၊ ကြင်စချင့်ဘွယ်၊
မြင်တင့်တယ်သား၊ ချယ်လှယ်ရနံ့၊
မွှေးပျံ့ပျံ့မှာ၊ လွတ်စုံဖြိုင်ကင်း၊
တြိုင်သင်းဘဝင်၊ စိမ့်စိမ့်ပင်တည့်၊
ဇင်မင့်သီခေါင်၊ မြင့်ယောင်ထိုထို၊
ယူခက်ပိုသည်၊ ။အို,ဘယ့်တော်ဝင် ပန်းသဇင်၊

၄၊ ပန်းမြတ်မဟာ၊ ဇင်သာခွါမှာ၊
ဖြာဖြာကြီးနူရီ၊ တူခဲ့ပြီကြောင့်၊
အညီတမျှ၊ စိတ်လှဖြူဖြူ၊
ကျင့်မူမြင့်မြတ်၊ ကြင်တတ်သသူ၊
ပန်ယူဆင်သင့်၊ ကဲလွန်တင့်လိမ့်၊
မြှော်ချင့်တွေးပြန်၊ စိတ်ကျည်းတန်နှင့်၊
သွင်ဟန်မူနည်၊ ဆိုးညစ်ရည်သား၊
မတည့်နှလုံး၊ သူယူသုံးမူ၊
ရွှင်ပြုံးသနစ်၊ သင့်အဖြစ်မှ၊
ညှိုးဆစ်ပျောင်းမြန်း၊ မလန်းနိုင်ပြီ၊
ပိုးနှောင့်သိခဲ့၊ ရီဝေသွင့်ချို၊
သင့်နဂိုရ်သည်၊ ။အို,ဘယ့်တော်ဝင် ပန်းသဇင်၊

ဂန္ထလောက ၁၂၉၄–ခု၊ တော်သလင်းလ၊

# ၂— ကံနဲ့သူ့နတ်ရှင်နောင်

ပင်တိုင်စံခါတုကာလျှာအနွံ့ငယ်ကြောင့်၊
ကြင်ပိုင်ရန်-စာအညှာကဗျာ့ဖွဲ့ရှာရ၊
မဟာသမုဒ္ဒယာချုံပါတဲ့အကြောင်းခံ၊
အသက်လိုအချစ်ထူးရော့ထင့်၊
ပုရစ်ဖူးတွေဝေဝေမြိုင်တော့၊
မဖြေနိုင်အပူမီးငယ်ကြောင့်၊
တွေတွေမှိုင်ဒုက္ခအသည်းမှာဖြင့်၊ညှိုးထိန့်လို့လျှံ၊
ရလျှားပြိုင်ဘွယ်တွေးလေဆွေးရော့ထင့်။
ဘုရားတိုင်တသွယ်–ကြေးစေရေးပါလို့၊
ဝေးနေပေးကိုတဲ့ သူစိမ်း၊ ဒိုတူညီရန်ကွဲ ဘတ်သူ
    အပေါင်း၊
ကြည့်တဖန်–အမိသဥ္စာဘ္ဘာန်တစမခြားတဲ့ပြင်၊
နှမအလားကွယ်၊အပိုကြင်ပြန်၍၊
နဂိုရ်ယဉ်ဟန်သူကိုလေ၊
နှစ်ကိုယ်ယှဉ်စံကာ၊အကိုဘုရင်အမှန်သဏ္ဍာမောက်
    တာဖြင့်လဲ၊
ရဝိအဆောင်မှာ ကဝိမောင်မိဖုရားခေါင်မြှောက်ပါခဲ့တဲ့၊
မြန်မကြာ–ဟံသာကိုကြီကာနှောက်သော်ကြောင့်၊
ဝိတ်ရောက်ရာမအောင်မြင်ပါ၍၊
ကားစင်မှာ–ကုလားငစင်ကာဘို့နဲ့တွဲပါလို့၊
သနားမကြင်နာ၊အသားတံကျင်မှာစွဲသော်ကြောင့်၊
ကန်နဲ့သူတဖိုဖိုနှင့်၊ဘိုကရိုအသေမလှာသူ့မို့၊
ဟို–နဂိုရ် ပဝေအစရယ်က၊မရေမရ ဖန်လှာပုံမကောင်း
    သနဲ့၊
ဒိုကွယ်အခြေမကျ၊ခေရတဲ့ကံကြမ္မာအကြောင်း။

ဂန္ထလောက ၁၂၉၄–ခု၊တော်သလင်းလ၊

# ၃–မှုံပြာရီ

၁။ မှုံပြာရိ၊ ။တိမ်နီချယ်သန်း၊
ညနေချမ်းဝယ်၊ ဆော်ဖျန်းလေပြေ၊
ဥဩခွေလျှင်၊ နှုတ်ချွေရင့်ကြူ၊
ဘော်–တ,ရှူသော်၊ ကြူးယူသဲဆိုင်၊
တမှိုင်မှိုင်နှင့်၊ ဗျာလှိုင်ဆွေးအင်၊
တွေးမရှင်ပြ၊ဘဝင်သက်လုံ၊ ။ရိပြာမှုံ၊

၂။ ရီပြာမှုံ၊ ။သိုင်းခြုံရှစ်ခွင်၊
အမွှုံဆင်လျက်၊ ဝန်းကျင်ရွက်သစ်၊
သွန်းနှစ်မြဲရည်၊ ဖူးပွင့်စည်ကာ၊
မည်သာတိဂုံ၊ ခြေတော်ရုံကို၊
အာရုံဖူးမျှော်၊ စိတ်ကိုပျော်လည်း၊
မပျော်ပေဘူး၊ မိန်းမူးမှိုင်းသီ၊ ။ပြာမှုံရီ၊

၃။ ပြာမှုံရိ၊ ။သီဝေသွယ့်နှင်း၊
မင်းလွင်ကျင်း၍၊ ပျှံသင်းသဇင်၊
ဂမုန်းအင်တုံ၊ ဆောင်းခွင်စက်ခို၊
ငွေလိုပုလဲ၊ ပွင့်ကြဲလျှင်၊
ဖြေ့ကွဲဖန်ပြု၊ လွမ်းရတုကို၊
နွမ်းမှုမချို၊ ရှုမိဖန်ခါ၊ ။မှုံရိပြာ၊

၄။ မှုံရိပြာ၊ ။လဝါခြည်သန်း၊
မြူခြေတန်းကာ၊ ပြူခန်းဝတွင်၊
ကိုယ်တည်းပင်လျှင်၊ ရှင်ပါစိမ့်သော်၊
ညဥ့်ကိုနှောသို့၊ တယောသံညှင်း၊
သံချင်းသီကာ၊ စောင်းတဖြာနှင့်၊
ဖြေပါသော်လဲ၊ ပြေဘဲလွမ်းသီ၊ ။မှုံပြာရီ၊

တက္ကသိုလ်ကျောင်းထိုက်နှစ်လည်မဂ္ဂဇင်း ၁၂၉၄–ခု၊တပို့တွဲလ၊

## ၄–ယဉ်ပျိုဖြူ

၁။ ပန်းတကာတွင်၊ "ဘုရင်"ဟုခေါ်ဆို၊
ဂုဏ်ပျံ့ရည်ရောင်၊ တင့်ယောင်ပုံမသွေ၊
မဥ္ဇူသွေးလို၊ ရှုလေကြင်မြတ်နိုး၊
သက်ယုံကိုး၍၊ ဘယ်မိုးနတ်ပြဟ္မာ၊
ညီညာဖန်လတ်၊ ကူရန်မှတ်ပေလိမ့်၊
စိတ်ခေတ်ကြူသူ–ယဉ်ပျိုဖြူ၊

၂။ တညဉ့်ခါတွင်၊ ဆန်းအင်သည်အိပ်မက်၊
စိတ်စက်ယူကြိုး၊ ရွှင်ပြုံးကြည်မျက်နှာ၊
ငွေစန်းဝါနှင့်၊ ချိုသာနှုတ်စကား၊
"ထပါပြော၍၊ ရှုစားစာပေ"ဟု၊
ယုယ,ကြင်နာ၊ ကြားလှာလေသန့်ဖြင့်၊
နိုးခဲ့လတ်ပြီ၊ ။စိတ်ခေတ်တူသူ-ယဉ်ပျိုဖြူ၊

၃။ တနေ့ခါတွင်၊ ဆံရှင်ရွှေတိဂုံ၊
မွေတော်ရုံဝယ်၊ ကြည်ယုံပန်းဆက်တင်၊
"ထူပင်နှံ့ကာ၊ သံသရာဝဲခနှောင်း၊
လွှတ်စေကြောင်း"ဟု၊ တောင်းဆုပန်ဆင်သ။
ရွှင်ပပနှင့်၊ "အမှု"ယူပေအပ်၊
ချစ်ရည်ထပ်သည်၊ ။စိတ်မှတ်ယူသူ-ယဉ်ပျိုဖြူ၊

ဘားအံ့သိုလ်ကျောင်းတိုက်နှစ်လည်မဂ္ဂဇင်း ၁၂၉၄-ခု၊ တပို့တွဲလ၊

## ၅–ချစ်သက်ဝေ

၁။ ချစ်သက်ဝေ၊ ။ကြည်ရေရှင်းသန့်၊
ဝင်းဖန့်ဖန့်နှင့်၊ ကန့်နန္ဒာနှယ်၊
သာမျိုးကြွယ်လျက်၊ သွယ်သွယ်ပန်းရုံ၊

ဂုဏ်ပွဲဆုံသား၊ ရဂုံသာမော၊
ဤသည့်တောဝယ်၊ လွမ်းဇော-စိတ်ကို၊
ဖြေမလိုနှင့်၊ တကိုယ်လှမ်းခဲ့၊
နွမ်းချွံနဲ့သည်၊ ။အို—ဘယ့်သက်ဝေ ချစ်သက်ဝေ၊
၂။ ချစ်သက်ဝေ၊ ။ထွေထွေဆန်းအောင်၊
ပန်းသဘင်တွင်၊ ထန်း ရှင်မြူးကွန့်၊
ဂုဏ်တင်းလွှန့်လျက်။ ညွှန့်ညွှန့်ယှက်သွယ်၊
ယဉ်ကြောင်းချယ်၍၊ ပျံ့လှယ်ထုံကဲ၊
ပွင့်ကာနွဲ့သား၊ ရဲရဲနီနီ၊
ရွှန်းဆီလျှင်၊ "မဒီပြာမြူ၊
သွယ်နွဲ့သူ၏၊ မွေးကြူနုတ်ဖျား၊
မှိမှိပါးမှာ၊ ပြိုင်ရှားရည်ရှင်၊
သာလွင်နီမြန်း၊ အံ့မခန်း"ဟု၊
ချင့်မှန်းထိုထို၊ ချီးမွမ့်ဆိုသည်၊ ။အို—ဘယ့်သက်ဝေ
ချစ်သက်ဝေ။
၃။ ချစ်သက်ဝေ၊ ။လေပြေဖြေးဖြေး၊
တဖြေးနှင့်၊ ခေသ်သွေးငှေ့ယူ၊
သော့ခါမူဝယ်၊ ကြာမြူကြာနီ၊
များရုံစိတ္တိ၊ သိသိနွဲ့ကာ၊
ယိမ်းငဲ့ကာဖြင့်၊ လွဲ့ကာမောင်သို့၊
မြွက်ဟာမြို့မှင့်၊ "နှစ်လို့မျက်ချယ်၊
လှသက်လှယ်၏၊ ချောသွယ်လည်တံ၊
ယှဉ်မစံသား၊ ကြာကံထက်သင်း၊
ကြော့ကြော့ရှင်း"ဟု၊ ကောင်းတင်းဂုဏ်ကို၊
ချီးအံ့ဆိုသည်၊ ။အို-ဘယ့်သက်ဝေ-ချစ်သက်ဝေ၊
၄။ ချစ်သက်ဝေ၊ ။ထွေထွေသင်းပျံ့၊
ဆင်းရနံ့နှင့်၊ ဝင်းလျှံ့ရောင်ဖြာ၊
ရှုဇနာစွယ်တော်၊ ဂုဏ်မော်သဇင်၊

ဂမုန်းအင်းက၊ ကြိုင့်ရှင်နှင်းပန်း၊
ဆွတ်ဆွတ်လန်းတို့၊ ဆဝန်းဆဝန်းလည်လည်၊
မိန့်ကြသည်မှု၊ "ရုပ်ရည်မောင့်ချစ်၊
ဖြူသနစ်မှာ၊ တင်ပြစ်မစက်၊
လဲ့လဲ့ညက်၍၊ အနံ့ချက်မကုန်၊
သို့သည်ဂုဏ်နှင့်၊ ပြည့်စုံသကိုဝ်၊"
ချီးမွမ့်ဆိုသည်၊ ၊အို-ဘယ့်သက်ဝေ-ချစ်သက်ဝေ၊

၅၊ ချစ်သက်ဝေ၊ ၊ဝေဝေပိမ်းမြ၊
ရှိမ်းရှိမ်းပလျက်၊ ထိမ်းမသဘင်၊
စည်းဝေးယင်သား၊ ရွက်ရှင်ညွှန့်ကိုက်၊
လေသိမ်းကြိုက်တွင်၊ သိုက်မြိုက်ညီညာ၊
ပြောသည်မှာကား၊ "မဟာဆန်သူ၊
ကတ္တရူ၏၊ သွင်မူသွေးကြော၊
မြရည်လောဟု၊ ထင်မောကျွန်တို့၊
လွန်နှစ်မြို့ခဲ့၊ အသို့ကံနှယ်၊
ဖန်ချယ်လှယ်၍၊ စံဘွယ်လွင့်ပြို၊"
ချီးအံ့ဆိုသည်၊ ၊အို-ဘယ့်သက်ဝေ-ချစ်သက်ဝေ၊

၆၊ ချစ်သက်ဝေ၊ နက်ရွှေအရောင်၊
ဝိတုန်းမောင်တို့၊ ပြုံးယောင်ရှင်မော၊
ကောင်ခြင်းနှောလျက်၊ ပန်ကြောဝတ်ရည်၊
သုံးခဲ့လည်၍၊ မြည်ကြသည်မှာ၊
"လှကလျှာ၏၊ ကောသာမျက်လုံး၊
မျက်ခုံးမျက်တောင်၊ ဘက်စုံရောင်သား၊
အရောင်ဝင်းဝင်း အခေါင်ချဉ်း၍၊
ဆောင်တွင်းရိပ်ကြာ၊ ကညာနတ်လော၊
မှတ်ထင်မောခဲ့"၊ နွဲ့ချောသူကို၊
ချီးမွမ့်ဆိုသည်၊ ၊အို-ဘယ့်သက်ဝေ-ချစ်သက်ဝေ၊

၇။ ချစ်သက်ဝေ၊ ။ကြင်ခွေဘော်နှော၊
ပင်မြကြောဝယ်၊ ဉဩ—သာရကာ၊
သာလိကာတို့၊ ကူးကာမြူးကာ၊
လူးတည့်ကာဖြင့်၊ ကြူးကာတတ်၊
နှုတ်သံချိုလျက်၊ ကရိကရီ၊
သီပွဲသီချင်း၊ ခင်းကြသည်မှာ၊
"ယဉ်ကလျာ၏၊ သံသာနှုတ်မှု၊
တကြူကြူနှင့်၊ စံတူကင်းဝေး၊
ဘဝင်ဌေး၊ ကြင်ရေးပိုမို၊"
အံ့ပြောဆိုသည်၊ ။အို—ဘယ့်သက်ဝေ—ချစ်သက်ဝေ

၈။ ချစ်သက်ဝေ၊ ။ရွှေဖလ်ရဝိန်၊
နှုတ်ခွန်းချိန်၍၊ ရောင်ဂိုန်သိမ်းကာ၊
မြန်းကြွခါသော်၊ ဝိန်တာရော၊
စန်းငွေလသျှင်၊ ကြယ်များသိန်းသန်း၊
ရံခဝန်းလျက်၊ ထပ်ဆန်းအသစ်၊
ပြောသည်ဖြစ်မှု၊ "ကောင်းနှစ်မြူတေ၊
အသရေနှင့်၊ ရှုလေယဉ်လေ့၊
ပြုံးစေ့စေ့နှင့်၊ နုံးတွေ့မဘူ။
ဝင်ကြည်သူ"ဟု၊ သွင်မှုချောကို၊
အံ့-ဩ-ဆိုသည်၊ ။အို—ဘယ့်သက်ဝေ- ချစ်သက်ဝေ။

၉။ ချစ်သက်ဝေ၊ ။ဘဝေဘဝါ၊
စေတနာထင့်၊ ကညာနန်းမှူ၊
ဟဒါရှုကို၊ တ—ရှု—သူသို့၊
ချီးအံ့မြှိုသော်၊ ဆို-ခဲ့-ဗျာပါ၊
မောင့်သည်းချာမှာ၊ ပြောပါမည်ဝေး၊
တရေးရေးနှင့်၊ မျှော်တွေးရော်ရမ်း၊
လောင်ကြွေကျွမ်းမျှ၊ လျှမ်းလျှမ်းပူပြီ၊

မိန်းမှိုင်သိ၍၊ မှိုင်းရီဘဝင်၊
ညှိုးလျှတင်ခဲ့၊ မြင်-မိ-သက်ကို၊
လွမ်းဆင့်ပိုသည်၊ ။အို-ဘယ်သက်ဝေ-ချစ်သက်ဝေ၊

ဂန္ထလောက ၁၂၉၄-ခုတော်သလင်းလ။

# ၉—ဘိုးခေါင်ငှက်

၁။ အသစ်သစ်လျှင်၊ ကွန့်ရစ်ပျံမြူး၊
တိမ်ယံခူး၍၊ တေးထူးသံသာ၊
သန်းယံခါ၍၊ တန်းဆာသဘွယ်၊
ဖြစ်အံ့ရွယ်လျက်၊ ကြယ်တာရာနတ်၊
ယုန်ရပတ်နှင့်၊ ဘုံပြာသာဒ်ငွေ၊
ပိုးမင်းတွေကို၊ ပျော်ဖြေသည့်နှယ်၊
အောက်ဝယ်တည်ခြင်း၊ ကျူရောင်ကျင်းသည်၊
စောင်နှင်းမြူခြုံ၊ အိပ်စက်ကုန်သား၊
ရဂုံတောင်ကမ်း၊ ရေယဉ်စမ်းနှင့်၊
တလွမ်းမြေပြင်၊ ဧဝိမ့်ရင်၍၊
ကြည်သွင်"ဧချင်း"၊ ပဏ္ဏာနှင်းသို့၊
ညှင်းညှင်းငြိမ့်ငြိမ့်၊ ဆိမ့်အိန့်ချိုမွှန်။
ချစ်ဘွယ်လွန်သည်၊ ။တွန်ဘိ သည်လည်း—
ဘိုးခေါင်ငှက်၊

၂။ သိဝေမြင့်ခေါင်၊ တိမ်ယံဘောင်ကို၊
အတောင်လှစ်ခွင်း၊ ဖြတ်သန်းလျှင်း၍၊
မင်းမင့်းဥက္ကာ၌၊ မွေခါတ်သရီ၊
မြတ်စေဘီကို၊ ကျူးချိုနှုတ်ဘောင်၊
ရှိကော်ရော်လျက်။ "ဩဘ်-လူ့ဘဝ၊
တဒင်္ဂငယ်၊ ဖြင်မျှဆင်းရဲ၊
မြူဆန့်ကွဲမျှ၊ ပျော်ပွဲတည်မှာ၊

ကင်းမဲ့စွာလည်း၊ အကာကိုပင်၊
အနှစ်ထင်၍၊ ပြစ်တင်မရှိ၊
လောကီ့ စည်းစိမ်၊ ရှင်တင်းတိမ်လျက်၊
ငါ့အိမ်ငါ့ယာ၊ ငါ့ဥစ္စာနှင့်၊
ငါ့မှာဂုဏ်ဒြပ်၊ ပေါပေလတ်ခဲ့၊
အမှတ်မဘွယ်၊ ငါ့တသွယ်ကြောင့်၊
ချုပ်ချယ်ခြင်းမည်။ အပြည်ပြည့်မှာ၊
လည်သံသာစက်၊ နိဗ္ဗာန်လက်ဖြင့်၊
လှမ်းခက်ဘယ်မှာ၊ ရပေရာအံ့၊”
ဘယာကိုရှု၊ မှေ့ကိုရွယ်၊
သူတော်နှယ်ကို၊ ပျံ့လှယ်ချီမွမ်း၊
ကောင်းချီးပေးသည်၊ ၊ရင့်ကြွေး သည်လည်း
ဘိုးခေါင်ဌက်၊
၂၃၊ ပျံ့သင်း ပျံ့သင်း၊ သန့်ညှင်းညှင်းနှင့်၊
သွင်းသွင်းလေလျှဉ်၊ ရထားယာဉ်ကို၊
စဉ်၍စီးကာ၊ မြန်းခဲ့လာသော်၊
စန္ဒာ ငွေနတ်၊ ရောင်ရုံဟပ်သည်၊
မှတ်ဘွယ်သက်တွင်၊ သာမောလွင်၍၊
ရှိခွင် ပန်းမာလ်၊ နှစ်ကိုယ်စံလျက်၊
ဆိုပြန်စကား ၊“ဒိုသက်ထားရဲ့၊
ဖြစ်သားလူ့ကိုယ်၊ မမြဲလိုလည်း၊
နှဂိုရ် ဓမ္မစစ်၊ အချစ်ခေတ်မှာ၊
သိတာ ခုနစ်တန်၊ တောင်ယံခုနစ်မြှင့်၊
ကဲဆင့်မြင့်မိုရ်၊ တို့ထက် ပို၍၊
နှိုင်းဆိုမတန်၊ တည်မြဲ မှန်၍၊
အကာလ္လာဘာ၊ စက် ဘံသာ၍၊
မေတ္တာခဲဘွယ်၊ သုံးဆောင်လှယ်လျက်၊
မောင်မယ် ရှင်ပြီး၊ တရှုဘော်မြီးကာ၊

ခရီး နိဗ္ဗူ၊ သွားအံ့ ဟူ၍၊
တယူ ကျင့်ကြံ၊ သုံးမည်ကံလည်း၊
တော်မှန် စင်စစ်၊ ယွင်းမလစ်တည့်၊
ကျစ်လျစ် ရုံကလျှာ၊ ပုံပမာမူ၊
ယုံလွှာ စံတကျူး၊ တို့ထက်ထူးအောင်၊
အုံမှူး အခေါင်၊ ဘွေယ်ဆောင်သည်၊
လူ့ဘောင် နတ်ပြည်၊ မေတ္တာမည်ခဲ့၊”
တည်တည် သံမြဲ၊ ကြင်ယုယလျက်၊
မြွက်ဟ သည်ကို၊ ကြားသလိုနှင့်၊
နှုတ်ချို ကြည်စွာ၊ ရှင်ရေးဖြာသည်၊
သာဘိ သည်လည်း–ဘိုးခေါင်ငှက်၊

တက္ကသိုလ်ကျောင်းတိုက်နှစ်လည်မဂ္ဂဇင်း ၁၂၉၅-ခု၊တပေါင်းလ၊

# ၇—လောကဓာတ်ရုံ

၁၊ ကြြော်-ပန်းမာလ်သစ်ပင်၊ ယာလယ်ပြင်က၊
ဆိုင်ခွင်ကန္တား၊ တိုက်တာချားနှင့်၊
ဝန်းလျှားငယ်တောတောင်၊ စိမ့်စမ်းမြောင်ထို့၊
လရောင်နေဝါ၊ ကြယ်တာရာလဲ၊
တန်းဆာငယ်ကားရုံ၊ ဆေးဘက်ရှိသည်၊
ဓာတ်ရုံလောက၊ ရှင်လူများဖြင်၊
ကိုယ့်ဓာတ်သွင်ကို၊ ဝိစဉ်ကထို၊
ဘဝဓာတ်ရင်း၊ တိုရှည်ခင်း၍၊
ရှောင်ကွင်းခဲ့ဓာတ်ရုံ၊ ကံဓာတ်ဆရာ၊
သူ့အာဏာလဲ၊ သေချာရုံအောင်၊
နားငုံစဉ်စိုက်၊ လိုက်ရတယ်၊
အချို့ဓာတ်သား၊ သူအများတို့၊
“ရှင်အားငယ့်ထက်သန်၊ ကြည်ဓာတ်လမ်းမှာ၊

ရယ်သွမ်းခံလျက်၊ စံစားတော့ငြိမ်ငြိမ်။
တူရုံနှဲ့၊ ပျော်ပွဲဖန်”ဟု၊
ကံဇာတ်ဆရာ ညွှန်းတော့တယ်။
အချိုမှာမူ၊ လွမ်းဆွေးပူထို့၊
တ,ရူငယ်မ ရှင်၊ ငိုတ,အင်ဖြင့်၊
ငြိုငြင်ရယ်မယပ်၊ ဖြေမဆည်နိုင်၊
သည်းခွေယိုင်၍၊ ပွေမှိုင်ထပ်သည်၊
လွမ်းဇာတ်ဖြင့်သာ သိမ်းရတယ်။

၂။ ပြေပြ်-နေပူတခါ၊ မိုးရွာတလှည့်၊
ပြည့်ရဲ့တခါ၊ ဆုတ်ခါတလှည့်၊
ထုံးတမ်းကဲ့သို့၊ နွမ်းနှဲ့ပူပြင်း၊
ဇာတ်တခန်း၊ အလွမ်းသွင်းထို့၊
မငြင်းသာပြီး၊ တခန်းငယ်မှနောက်ဆက်၊
ရှင်ဇာတ်ကွက်လဲ၊ ထွက်ပြန်ကြည်လင်၊
ဇာတ်နှစ်ကွဲ၊ တနဲ့စီဆင်ထို့၊
ပါဝင်သုံးတော်ခံရတယ်။
ဇာတ်ခန်းဇာတ်သား၊ အပြားပြားနှင့်၊
အများပေါင်းဆုံ၊ သည်ဇာတ်ရုံလဲ၊
အဟုန်ငယ်ပြင်းပျူ၊ မှုန်းမှုန်းညက်ကျေ၊
ဖြုန်းဖြုန်းကြွေအောင်၊ အခြေကိုင်ဆွဲ၊
ဖြိုကာလှဲ၍၊ ပျောက်ကွဲရှလိမ့်၊
ကမ္ဘဆရာ၊ သူ့လက်ထဲမို့၊
မငြိသာပြီ၊ ဆရာသူကစွမ်းတော့တယ်၊
သို့ကြောင့်ဒါရူ၊ မောင့်သည်းအူရယ်၊
အပူအသော၊ အလွမ်းငယ်နှောတဲ့၊
လောကရယ့်ဇာတ်ရုံ၊ နယ်အတွင်းက၊
အတင်းချန်ထို့၊ ကြည်ယုံစိတ်ချ၊
ကံ့ဇာတ်ဆရာ၊ သူကင်းကွာမည့်၊

နေရာကြွင်း၊ ပိုဘက်နှန်းကို၊
မြန်းလိုလှသည်၊ နှမလိုက်စေချင်တော့တယ်၊

ဂန္ထလောက ၁၂၉၆ - ခု၊ ပဉ္စမ၀ါဆိုလ၊

---

အခန်း—၂

ရေးသူ–မောင်သိန်းဟန်

# ၁–ပိတောက်ပန်း

မရှူးချင် စမ်းပါနဲ့
နှစ်ဆန်း ခါတော်မှီရှိ
ဇမ္ဗော်ရည် ပြေပြေလိမ်းကာပေါ့
ခပ်သိမ်း နယ်ရုံရုံသို့
ပွင့်ငုံကို လင့်ကုန်ကြတော့လို့
ခေါင်းတွေကာ ဆာဝေဝေနဲ့
သူ့လဲလေ–လောကီသားလိုပေါ့
ကြွားချင်လှ ပေလိမ့်မယ်၊

တသိန် တင့်ပါဘိ
တိမ်မြင့် ရှိပြာပြာက
ကြည့်သာသာ ပင့်လေအပြူးတွင်ဖြင့်
တီတာဝှာ ပွင့်ရွှေဖူးငယ်တို့
လည်ရှက်ကာ ဘယ်ညာလူးလေတော့
သူတို့လို ဘယ်သူမြူးနိုင်ပါ့
ထူးပါဘိတယ်၊

တဝါဝါ ဆင်သက်နှင်းရယ်က
ကမ္ဘာမှာ ဘဝင်ချမ်းစေတဲ့
သာသနာ ရှင်ပြုင်လန်းအောင်ထို

တမင်မှန်းကာပါ့ သတိဆွယ်
ရည်ရွယ်တော့ သလား၊
ဦးပါနဲ့ကွယ်
ပွင့်ဖူးမှာ အဝါချယ်၍
မာလာအလယ်မှာ နွဲ့ချင်တဲ့နှလုံးရယ်ကြောင့်
နှစ်ဆုံးကုန် အတာဝင်သို့
မာန်အင်ကို ဉာဏ်ဆင်မွေးကာဖြင့်
အရေး အခါ သာမှ
ခမျာမှာ တဂုန်ဆန်းရတယ်
ပန်းပိတောက်များ၊

ယူနိဘာစီတီကောလိပ်မဂ္ဂဇင်း ၁၂၉၀-ပြည့်နှစ်၊တန်းခူးလ၊

## ၂-ကြောင်မနက်ပြာ

ဘယ့်လောက်ပင်လျှင်၊ အဆင်လှသနည်း၊
မည်းမည်းဖော်ပြူ၊ ကွက်မှန်ကူသို့၊
ကိုယ်မှုဖြိုးဖွံ့၊ မွေးမျိုးညှံ့သည့်၊
ကြောင်သန့်"နက်ပြာ"လျှင်တကား၊
ဘယ့်လောက်ပင်လျှင်၊ ယဉ်ပါသနည်း၊
လည့်လည်းစောင်းမော့၊ ကိုယ်ဟန်ကြော့နှင့်၊ ပြော့ဖြူး
နားရွက်၊
သူ့အထက်ဝယ်၊ တွယ်လျက်ဆင်ယင်၊ နံရံစင်သို့၊
မြော်မြင်စိုက်ငေး၊ နေဟန်ကလေးသည်၊
ယဉ်ကျေး ပါဘိသည် တကား၊
အဆင်သွေးနှင့်၊ ယဉ်ကျေးမှုနည်း၊ သို့ရှိသည်လည်း၊
ဤအချိန်တွင်၊ သူ့စိတ်သွင်ကား၊
တချင်ရွေးမှု၊ သွေးမလှလိမ့်၊
မလှခြင်းရာ၊ ချိန်တော်ကြာက၊

ဝမ်းစာမှုရေး၊ မွေးရမချောင်၊ ကြွက်တကောင်၏၊
ဆောင်သည်လျှပ်ဟိတ်၊ စင်ခုံထိပ်၌၊
ရိပ်ရိပ်ပြေးဟန်၊ မြင်မိပြန်၍၊
စားရန်အာသာ၊ မိန့က်ပြာကား၊
ဘမ်းကာဤသို့၊ တို့၍ကစား၊
သူ့အသားကား၊ ညှံ့ထွားပေမည်၊
သို့ကြံစည်၍၊
မျှော်ရည်မှန်းလိမ့် လျှင်သာတကား၊
"အဘယ်မိတ္တာ၊ မိန့က်ပြာငယ်၊
အစာချောညက်၊ သင်၏ကြွက်ကား၊
တဘက်ပေါက်ဝ၊ ထောင့်စွန်းကလျှင်၊
ခုန်ချသွားပြီ၊ ငါမြင်သည်ကြောင့်၊
ကြာရှည်ပမ်းအား၊ မစောင့်စားနှင့်၊
သွားလော့တော်ရော။" ငါဆိုပါသည်၊
စောင့်ကာချည်းနှီး ပင်ပေတည်း၊
သို့ပြောကြားလည်း။ မကြားမသုံ၊
စင်ထက်ခုံ၌၊ ဆာရုံပိုက်လွှတ်၊ မျက်မခတ်ဘဲ၊
တိမ်းမတ်တဖျာ၊ ငါ့အစာကား၊ ပေါ်လာဦးမည်၊
သူထင်ရည်၍၊ ကြာရှည်မြင့်ညောင်း၊ ချောင်းနိုင်စေသို၊
ဖလ်မျက်ပျိုအား၊ တင်ကြို၀၀။ နှစ်ကြိမ်ကျအောင်၊
အားရမိမိ၊ ရုံမှိတ်ဘိသည်၊
မိန့က်ပြာလျှင် ချောင်းလျှက်တည်း၊

ဂန္ထလောက ၁၂၉၃-ခု။သီတင်းကျွတ်လ။

## ၃-စပယ်ဖြူ

ဘင့်လှပေသည်၊
မြရည်စို့စို့၊ အရွက်တို့လည်း၊
ရှိုးသို့မြော်ကာ၊

သူ့မာလာနှင့်၊
ပဏ္ဏာဆက်သ၊
ရွှင်ပျပျသည်၊
ဝင်းပစပယ် ဖြူဖြူတကား။

ဂန္ထလောက ၁၂၉၃-ခု၊ သီတင်းကျွတ်လ။

# ၄–ညနေချမ်း

ဤတနေ့လည်း၊ ကုန်ရွေ့ပေပြီ၊
ယောင်ရီအခင်း၊ ကင်းသည့်လျှံဝါ၊ ကိုယ်ရုံသွာဖြင့်၊
အာကာမိုးဝ၊ ငေးမြော်တသည်၊
ပြူပွဒီသာ တံခါးမှာတကား၊
တ ာက်ကမ်းလျှင်၊ ခနိတန်းဝယ်၊
လေဖြန်းပင့်ချီ၊ ကိုယ်တည်းအိလျက်၊
တွန့်ခြည်ရွှေဘုတ်၊ သူ့အလုပ်လည်း၊
မြုပ်တုံမြင့်တုံ၊ နွဲ့လှည့်တုံဖြင့်၊
မှုံသည်လောကခေတ်၊ သူကြောသတ်မှ၊
ရင်အပ်မိကာ နားတော့သည်၊
တောင်ဘက်ဒီသာ၊ မျက်နှာမြော်မှန်း၊
ဥမျိုင်းတန်းလည်း၊
ပျံသန်းတိမ်ပေါ်၊ ရွှေပြေးခေါ်က၊
ရေပေါ်ပွင့်ရွှင်၊ ကြာချပ်ရှင်သို့၊
လှေယာဉ်မြင့်မား၊ ရွက်ဖါးလျားလည်း၊
သွားသည်သိမ်မွေ့၊ တရွေ့ရွေ့လျှင်၊
မြေ့မြေ့ရေးရေး၊ တဝေးဝေးသည်၊
ညဥ့်သွေးဂူမှာ နားတော့သည်၊

ဂန္ထလောက ၁၂၉၃-ခု၊ တန်ဆောင်မုန်းလ၊

## ၅—ဝမ်းဘဲငှက်

နေ့တစေလျှင်
ရေတိမ်ကမ်းစပ်၊ တစပ်စပ်နှင့်၊ ကူးခတ် တက်
သက်
ဝမ်းဘဲငှက်ငယ်
ငှက်အများတူ၊ သင်တမူလဲ
ဖြူညိုရီမှောင်၊ တောင်ပံနှစ်ဘက်၊ ရှိပါလျက်လည်း
မတက်တိမ်ခွင်၊ လေသာဥ်မသွား
ရေနားကုန်းမှာ၊ မွေ့လျူးလာသည်
သနားစရာဘည့်၊

အဘယ်သင်လျှင်
ကုန်းပြင်ဝယ်ကြီး၊ မြေမည်းမည်း၌
ခရီးသွားသူ၊ ငါတို့မူနှင့်၊
တူသည်လိုက်လျော၊ ငါတွေးတော၍
"ဘောသကုနာ၊ လာဖှည့်လာဖှည့်"
ချစ်ကြည့်ချူမြ၊ ငါမြွက်ဟသည်
သဟာယဘည်း။

ဂန္ထလောက ၁၂၉၃-ခု၊တန်ဆောင်မုန်းလ၊

## ၆—အလားအလာ

မိမာတာလျှင်၊ ငါအားနွေ့ပယူ
"လူကလေးမောင်၊ မောင်နားထောင်
မိုးစပ်းမင်းမှောင်လျှင်
တောချောင်ရသော့၊ သူ့ခလော့သို့
လူငွေ့သံငြီး၊ မြေအောက်မိုးလျက်
ကိုယ်ထီးဖွံ့ထွား၊ မြေဆီစားသည့်

ဘားကြီးမျက်ကြောင်၊ သူတကောင်သည်
လူ့ဘောင်တခွင်၊ ပြန်လာဝင်၍
အုံ့အင်အုံ့အာ၊ တေးဂီတာကို
မောင်မှာငြိမ့်နား၊ မောင်ငယ်ကြားစ”
နှုတ်ဖျားချိုသာ၊ မေးတို့လာသည်
မာတာငါ့မိ ပြောသည်တည့်။

မိမာတာလျှင်၊ ငါ့အားညွှန်ပြ
“သားလှရှလေ
မိုးစင်းမင်းစွေသော်၊ နေရောင်လျှမ်း၍၊ နွမ်းပါးအသက်
ညှိုးယော်လျက်လျှင်၊ ခြောက်ပျက်ကျကြွေ၊ သေပြီး
လေမှ
သက်ပြန်ရလျက်
သစ်လွှနုဖတ်၊ ထွတ်ထွတ်ပျံ့ပျံ့
ပင်တံ့ရွက်ထောင်၊ အရောင်ပြေရည်၊ မြက်ခင်းညိုကို
သိင်္ဂီသားလှ၊ မောင်မြင်စ”ဟု
နှုတ်ကချိုသာ၊ မေးတို့လာသည်
မာတာငါ့မိ ပြောသည်လည့်။

ဂန္ထလောက ၁၂၉၃-ခု၊ တန်ဆောင်မုန်းလ။

# ၇-ရွှေကျီးညို

အိမ်ခေါင် စွန်းဆီက
လွမ်းလှအောင် တအာအာနှင့်
မောင်နက်ပြာ ကိုရွှေကျီးကိုလ
ကျေးဇူးကြီး တင်မိပါ၊

အုံတအုံ မှုံတမှုံရယ်နှင့်
မိုးလုံ့ မကြည်လင်တဲ့ပြင်
လေညှင်းညှင်း ဆိုမပြောသာဘူ

ဟောပိုဆီ ပညောင်ပင်ဖြင့်
ရုပ်ပုံပင် ဘယ်မငြင်းနိုင်ဘူး၊
ခေတ်လောကာ မိုက်မလင်းမှာလ
သီချင်း သံချိုချိုနှင့်
ဓန္နတ်ကို အသာဖွင့်ကာပ
ကြွေးရင့်ကာ သာသာကြူတော့
ကြားရသူ ဘယ်လိုလွမ်းရပ
ရွှမ်း ပီတိဖြာ၊

တို့သူငါ၊ စက်ကာလျှောင်းပါတဲ့
ခေါင်းရင်းဆီ အိမ်ခေါင်စွန်းဆီက
ခွန်းဆင့်ကာ ချိုချိုမြည်တော့
လာလိမ့်မည် ဧည့်သည်ကလေးဟာဖြင့်
နုကိုယ်မှူ လှယဉ့်အေးရယ်လို့
တွေးကာပ မောင်ဝမ်းသာ
ထင်ပါ့ စိတ်ထဲ၊

လာစေ တော့ကွယ်
စားသောက်ရန် အလှယ်လှယ်နှင့်
အသွယ်သွယ် စီမံသကာဖြင့်
မောင်ဧည့်သည် လာချိန်ဆပါလို့
ဗလာဝ ချွေသဒ္ဒါနှင့်
နေအဝါ ရောင်ခြည်ယွန်းရင်လ
စေတနာ ပြောင်ကြည့် ရွှန်းရယ်နှင့်
ကွန်းထောက် မှာတဲ့၊

ဂန္ထလောက ၁၂၉၃–ခု၊ တန်ဆောင်မုန်းလ၊

## ၈—နံနက်သဘင်

နံနက် ခင်းဝယ်
မိုးလင်းမင်းဗျူဟာ၊ ဆုတ်တို့ခွါ၍
ရာဇာနေနီ၊ ရောင်လွှတ်ချီသော်
တံတာချိုနု၊ ငှက်ဆွေရလည်း
ညွတ်ပုံနွဲ့တုံ၊ ပိုင်းတော်ချုံမှ
တီးဖုံပတ်သာ၊ နှုတ်မြွာသို့
ညံ့စာကြွေးရင့်၊ တင့်လည်းတင့်၍
ဝင်းဝင့်ပြိုးပြောင်၊ ဤပညောင်လည်း
အရောင်ပြေးလျှပ်၊ ငွေရည်ခတ်သော်
မိုးနတ်သူဇာ၊ ဤအခါဝယ်
ဘုံသာဆောင်မှု၊ ဆင်းလာကြွ၍
သိကြနေမည် ပါတကား။

ဂန္ထလောက ၁၂၉၃–ခုနှစ်တော်လ၊

## ၉–မိုးဆွေငှက်

မြည်နိုင် ပေသည်
မိုးဆွေငှက်ပင်
ကိုယ်လျှင်သေးသွယ်၊ တိမ်မြင့်လယ်တွင်
ငယ်လွန်းပေစုံ၊ ထက်မ-ခန့်လည်း
အံ့ဩ ဘွယ်ထက်၊ ကြောက်မက်ဘွယ်သာ
ကျာကျာ တွတ်တွတ်၊ လွှတ်သည့်နှုတ်က
ယူးယူးရှသည်
မိုးဝကွဲမည် ထင်တော့သည်၊

ပျံနိုင်ပေသည်၊ မိုးခွေငှက်ထျှင်
နေရှင်တိမ်ထဲ၊ တောက်ကြဲကြဲတွင်
ရဲရဲမရွံ၊ ဝံ့သည့်တောင်ပံ၊ လှုပ်ခတ်ပျံ၍
တရံမရပ်၊ ဆန့်တက်လတ်သော်
ဖွင့်ခတ်မှိတ်ဘိ၊ နားမသိသည့်
မျက်စိ–မိုးဝယ် တူတော့သည်။

"ဝါယောလေပြင်၊ ရသေ့ရှင်ငဲ့
ထက်ခွင်အောက်ရပ်၊ လောကဓာတ်လည်း
ခဏ်မခတိတ်ဘိ၊ တိတ်ညိမ်ရှိရှင့်
ဗိတာန်အသွင်၊ မိုးအပြင်ဝယ်
တိမ်ယာဉ်ဖြူဝင့်၊ သူမလွင့်ဘဲ
မြေပြင့်ကျယ်စွာ၊ ဤနေရာ၌
ဆင့်းဝါပြောက်ကြား၊ ဤသည့်နွားလည်း
မဝါးပါးစပ်၊ မတ်ရပ်မြော်ကာ
သင့်ဂီတာအား၊ ကြားနာကြည့်ရွှင်
ငါပင် လျှင်လည်း
ကောင်းကင်–အောက်ရပ်ဖြစ်သလော"

ဂန္ထလောက ၁၂၉၃-ခု၊နတ်တော်လ။

# ၁၀=သီချင်းသည်ကလေး

တညအခါ၊ ဆိတ်ညိမ်ရာတွင်
ရွှင်လေပါဘိ၊ ချိုသည့်ဂီတာ၊ တွန့်ကြွေးသံလည်း
ညံ့ညံ့စာစာ၊ ရှတ်ချင်းသာ၍
မကြာခဏ၊ ရတိကျသည့်
မဝအာသာ–နားမှာတကား။

အသံမှာလျှင်
သပြာငွေမိတ်၊ နှစ်ပြားကြိတ်သို့
ညိတ်သည့်သံညက်၊ သွက်လည်းသွက်ရှင့်
ဟက်ပက်ရယ်မျှင်၊ သို့အသွင်နှင့်
ချစ်ခင့်စဘွယ် ကြွယ်လှည်းကြွယ်၍
ဘယ်သတ္တဝါပေ၊ ထ၍ဖွေသော်
ရေစင်အောက်နား ၊ပျဉ်သစ်သားဝယ်
ပြား၍မာန်ဆောင်၊ နှုတ်မွေးထောင်လျက်
အတောင်ပင့်၍၊ ကြိုးကြွကြွနှင့်
အာက,ပရစ်၊ သူပင်ဖြစ်သည်၊
မဲ့နှစ်ကိုယ်ရုံ-ဿွာနှင့် တကား။

ဂန္ထလောက ၁၂၉၃-ခု၊ တပို့တွဲလ၊

## ၁၁—ပွင့်စမာလာအားပန်ကြားချက်

မွေးလော့မာလာ၊ ဒီမာလာငဲ့
သုဓာသက်မှု၊ ပန်းမဥ္ဇူ လျှင်
သု,ဂုဏ်သိမ်မွေ၊ လျောကာရွှေလျက်
အလေ့ကျသွေး၊ အနံ့မွေးအောင်
မွေးလိုက်ပါလော-မွေးပါလော၊

လှလော့မာလာ၊ ဒီမာလာငဲ့
သင့်မှာရူပ၊ မယ်ဥမ္မထက်
အဆရောထောင်၊ ကဲ၍ခေါင်ရှင့်
ပြောင်ပါအစွမ်း
မြင်သူနှမ်း၍၊ ဗရမ်းဗတာ၊ မဲ့သိက္ခာနှင့်
မျက်နှာသဗ္ဗ၊ သင်၌ကျအောင်
လှလိုက်ပါလော-လှပါလော။

သီလော့မာလာ၊ ဒို့မာလာငဲ့
ရူပါမာန်ယစ်၊ ဒေဝဿရော၊ နတ်ပြုံပြောပင်
မျက်နှာချိုပြုံး၊ "ဒို့-မောင့်ဘုန်း"ဟု
ကိုယ်လုံးညွတ်ကြည်၊ တ,လျက်မြည်အောင်
သီလိုက်ပါလော-သီပါလော၊

ယစ်လော့မလာ၊ ဒို့မာလာငဲ့
သင့်မှာဝတ်ရည်၊ ရှိလေသည်တည့်
အောက်ပြည်သူရော၊ ဖိုးရာဇာလျှင်
သင့်မှာအားကျ၊ မူးချင်လှ၍
သံဟာထစ်ထစ်၊ ကြွေးအော်ဟစ်အောင်
ယစ်လိုက်ပါလော-ယစ်ပပါလော၊

နွဲလော့မာလာ၊ ဒို့မာလာငဲ့
နွဲပါလွလွ မယ်ပဒ္ဒုထက်
ထိကမောဟိုက်၊ ပိုက်ကခွေမှေ့
သောင်းလုံးဆွေ့အောင်
နွဲတွေ့ပါလော-နွဲပါလော၊

ကြီလော့မာလာ၊ ဒို့မာလာငဲ့
ကဿပတရိုး၊ ဤမြေမိုးလျှင်
အခိုးထောင်းထောင်း၊ ထောင့်တိုင်းခြောင်း၍
သစ်ပြောင်းမေဃာ၊ သွန်းချရွာလျက်
ပင်မှာရွက်သစ်၊ ထင်တိုင်းဖြစ်အောင်
ကြီသစ်ပါလော-ကြီပါလော

ဂန္ထလောက ၁၂၉၃-ခု၊ တပို့တွဲလ။

# ၁၂-လိုက်ကြအုံးမယ်လာ

လိုက်ကြ အုံးမယ်လာ
မျက်ဆုံးခန့် ပေါပုိဆီမှာ
တောညိုရိ ပြာပြာမှိုင်းတွင်ဖြင့်
ပင်တိုင်း ခိုင်တံဝေထို့
ပန်းထွေထွေ အလွန်များပါသတဲ့
ရှုးဆွတ်ရန် အမြန်းသွားကြစို့
အားသစ်ကြ တို့သူငါ၊

ပန်းတရ တွင်မှ
လူ့လောကာ နယ်တသောင်းကိုဖြင့်
ကောင်းမြတ်သည့် အမြင်သန့်၍
အားမာန်ကို သစ်ဖန်ပေးပါတဲ့
ပန်းယဉ်ယဉ် အဆင်သွေးကိုမှ
ရွေးယူတို့ပါ
လက်ရွေးစင် ယဉ်တဲ့ပန်းရယ်နှင့်
ဤလောကာ ဤတနန်းကိုလှာ
ပန်းအိမ်သို့ ဆင်စရာ
မာလာက ပျံ့ရှား၊

မဆုတ်စမ်းပါနဲ့
ခင်တန်းဟာ အမြင်သားပါတဲ့
မြတ်ဖျား အစိမ့်ကြွေ၏
ထိန်သရေ တရဏ်ဟိတ်ကိုဖြင့်
ဦးထိပ်ဝယ် ယုံယုံဆင်၍
လမ်းထွင်ကာ အကြိုဗိုက်ပါတော့
မှန်းမြင်ရာ အမှန်ဆိုက်ပါလိမ့်
လိုက်ကြမယ်လား။

တက္ကသိုလ်ကျောင်းတိုက်နှစ်လည်မဂ္ဂဇင်း ၁၂၉၃-ခု၊တပေါင်းလ၊

## ၁၃—နွေဦးဝင်သော်

နွေဦးဝင်သော်
လေရှင်နှင်မှုတ်
ပင်မှပြုတ်၍၊ ရွတ်ရွတ်ဝဲကာ
ရွက်နီဝါတို့၊ လိပ်ပြာပျံဆင်း
မြေသို့ချဉ်းသည်
ကွေကွင်းကြပြီ ဖြန့်တကား၊
"အဟောင်းပျက်မှ
အသစ်ပြုရ၊ ဖြစ်ဂုန်ကြလော့"
သစ်ခွပေါ်တွင်၊ ညာဏ်သစ်ဆင်အောင်
လက်ာဆိုပြော၊ ရွှေညွှန်လည်း
သောသောထ်တျာ၊ အသံသာသော်
နာခံ–သောတ၊ ပုရစ်မြလည်း
ပြသည့်ကိုယ်ထင်၊ ပွဲသစ်ယင်၍
ကြည်လွှင်ကြပြီ ဖြန့်တကား။

ဂန္ထလောက ၁၂၉၃-ခုတပေါင်းလ။

## ၁၄—တွေးကြည့်စမ်းပါ

တတောင်သာသာ၊ ညွှက်လှစွာတည့်
ဇရာဝင်ခ၊ ဤရုက္ခငယ်
မြမြသွန်လောင်း၊ ရွက်အပေါင်းတို့
ညောင်း၍ကျကြွေ၊ စွန့်ကုန်လေလည်း
ပွင့်ရွှေတရ၊ နုနုဝါဝါ
မာလာအထွေး၊ သူရှိသေး၍
"အေးအေးကောင်း၏၊ တော်လေ၏"ဟု
ဆိုမိငါ့မှာ၊ အောက်မေ့ပါသည်
ရုက္ခာညာဘက် ကိုင်းမှာတကား။

ယာခုခါ၀ယ်
သာလည်းသာ ရှင်၊ အဆင်လည်းဖွာ
ကာယလည်းသေး၊ နှုတ်သီးကွေးနှင့်
တေးသကုန်၊ တောင်ပံချိုလျက်
မပြိုကလာ၊ ပြိုကလာဖြင့်
သိကာကြူမြွက်၊ လေမှသက်၍
ဝဲဘက်ကိုင်းမှာ၊ နားလာပါက
ရုက္ခာပင်အို၊ ဤပင်အိုသည်
ဘယ်လိုနေရှာလိမ့် မည်ထကား၊

ဂန္ထလောက ၁၂၉၃-ခု၊ တပေါင်းလ၊

## ၁၅-ဤမြေချာ

ဤနေရာလျှင်၊ ပဒေါင်ပင်၏၊ မြေပြင်ခြေရင်း
အမြစ်ပျဉ်းလည်း၊ ဝပ်စင်းလွန့်လွန့်၊
မြွေသို့ တွန့်၏၊

ဤနေရာလျှင်၊ ဗိန္ဓုပင်ဝယ်
ရှည့်ရှင်ပေါ့ပါး၊ မြီးဖါးဖါးလည်း
ရှက်ကြား အခက်
လျှပ်သို့ လက်၏၊

ဤနေရာလျှင်၊ ထန်းနှစ်ပင်လည်း
ရွယ်စဉ်နိမ့်မြင့်၊ ယာပ်ညိုဖွင့်၍
အကျင့်သိက္ခာ၊ ပြည့်ရုံစွာတည့်၊

ဤနေရာလျှင်၊ ကုန်းသာနှမ်း၊ မြေပြန့်ပျူးဝယ်
ကြာဖူးထွက်တည်၊ ၎လဲရည်သို့
စေတီပုထိုး
ဝန်းပြိုးဖြိုးတည့်၊

ရှိပြာလဲ့နှမ်း၊ အလျှံသန်းသည့်
မိုးလမ်းနဘုံ၊ ထိုနံ့ရံဝယ်
ဆန်ကာတွယ်တက်၊ ပိုင်းစက်စက်ရှင့်
တက်ရင်းပင်လျှင်
အောက်ချောင်းပြင်အား၊ မှန်သွင်းငုံ့ရှု
နှုထက်နှုအောင်၊ တယုယယယ၊ တသသသနှင့်
ငွေလပြုံပြုံ၊ ပျိုသည့်မှုကို၊ ဆင်ယူရခါ
သူ့မျက်နှာသည်
မိုးမှာ–ရေဝယ် ပြုံးပြုံးတကား၊

ယခင်ဇီးကွက်၊ မဲနက်နက်လည်း
ခွဲလျက်ကျယ်ဝန်း၊ ပြူးမျက်ကွင်းနှင့်
လမင်းငွေဖျော့၊ မိုးသူတော်အား
ဖူးမျှော်မဝ၊ အားမရသို့
ကိုင်းခွပေါ်တွင်၊ နှုတ်ညိပ်ဆင်သည့်
သူပင်ရှိပါသေး၏ တကား၊

ဥပမာလျှင်၊ မေတ္တာသက်မှု၊ ချစ်မဝ၍
လှသည့်ကညာ၊ သူ့မျက်နှာအား
ရှုကာ ရှုကာ၊ မခွါနိုင်လောက်
မျက်စိအောက်မှ၊ အပျောက်မခံ
ချစ်ရန်ဆင့်ပွါး၊ သူ့အပါးက
ရည်းစားသဘွယ် တူတော့သည်၊

ဥပမာလျှင်၊ ကသိုဏ်းခွင်ဝယ်
ဆင့်ခြင်သတိ၊ ဘာဝင်ထိ၍
ပီတိသုခါ၊ ဤရသာကို
မျိုကာမျိုကာ၊ တည်ကြည်စွာသည့်
ဒေါက်ချာဆင်လေ့၊ ချောင်ဂူရှေ့က
ရသေ့အသွင် တူတော့သည်၊

ဥပမာလျှင်၊ သူ့ရှင်ပင်လည်း
သဋ္ဌာသီထက်၊ စက်ပျော်လျက်ဝယ်
ညဥ့်နက်သန်းခေါင်၊ မိုးသောက်အောင်သို့
မြဲစောင်မြဲစောင်၊ ခါးလွယ်မြှောင်လျက်
ခန်းဆောင်တထောင့်၊ အိပ်ဖန်စောင့်သည်
ရဲကျောင်းအသွင် တူတော့သည်။

အတန်ကြာသော်၊ အာကာမိုးက
တိမ်တစနှင့်၊ ဘိုးလဘော်ငွေ
သဒ္ဒါချော၍၊ စွေသည့်တိတ်ဆိတ်
ဖိတ်သည့်အရည်၊ ငွေရောင်ခြည်အား
မထိမဲ့ပြု၊ တောအုပ်ရမှ
တခုငှက်မော်၊ ရုတ်ချင်းပေါ်၍
ပျံအော်တိုးကာ ပျောက်သည်တကား။

ယင်းသို့ပျံသော်၊ တောင်ပံရိုက်နှက်
ဤဖိုးကွက်လည်း၊ အမျက်ခြောင်းခြောင်း၊ ဒေါသံ
ညောင်းလျက်
"ငှက်ငေါင်းကျင့်ယုတ်၊ ငှက်နုတ်နုတ်"ဟု
ထိုးသုတ်အံ့ငှါ၊ ခွကိုခွါသည်
ညောင်မှာသိမ့်သိမ့် ကျန်သည်တကား။

တောင်ပံဖျားက၊ ထားခဲ့အဟာန်
အတောင့်သံလည်း
ကျန်သည်ငြိမ့်ငြိမ့် နားဝယ်တကား။

ဂန္ထလောက ၁၂၉၄-ခု၊ နယုန်လ

# ၁၇—ငှက်စွန်အားပန်ကြားချက်

မိုဃ်းသည်းပါး၍၊ ဆောင်းသားရတနာ၊ ဖွါးစခါဝယ်
အာကာသတိမ်ပေါ်၊ အပေါ်ဝတ၊ အံ့ပေစွတည့်
မြရောင်ပြာရီ၊ ဗိတာန်ဆီဝယ်၊ ငွေခြည်တိမ်လိပ်
တိမ်တမြိတ်၌
ရေးရိပ်ထင်ထင်၊ တစက်မင်သို့၊ အသင်စွန်ငှက်၊
ဝဲပျံလျက်သည်
တွေးဆက် မဆုံးနိုင်သာတကား၊

"အိုဘဲ့စွန်ဘော်၊ ဆောင်းဦးပေါ်ငယ်
မိုဃ်းသော်ကျောက်ဖျာ၊ ဟိမဝန္တာဝယ်၊ ငှက်ကာ
ကိုယ်လုံး
သိတင်းသုံး၍
နှလုံးအားရ၊ ဝဝလင်လင်၊ ရွှင်ကြီးရွှင်လျက်၊ ဗိတ်
ဆင်မာန်အား
ဖြည့်ပြီးထွားမှ
လူသားတို့ပြည်၊ ရှေ့ဦးတည်၍၊ ကြည်ညိုစရာ၊ သင့်မှာ
မှတ်သား
မျှော်ရှုစားသည့်
မြင့်မားဝေမှောင်၊ ကျောက်ခဲတောင်က၊ ရံစောင်ဆင့်
ဆင့်
ရှုပလ္လင့်ဝယ်
တေးရင့်သွန်သွန်၊ စမ်းတံခွန်၏၊ တင့်ဟန်ချင်းတ
ဆိုချင်ပြ၍• ဈာနသဘင်၊ ဤကောင်းကင်ဝယ်
သင်ဆင်သလော၊ နောင်—သို့စေဘိ
ပြောဘိပါလော့ ပြောပါလော့၊"
"အိုဘဲ့နတ်ထံ၊ မြတ်တမန်ငယ်

ဝေယံနတ်နန်း၊ အခန်းခန်းဝယ်၊ ပျံမြန်းလှည့်လည်
ရံခဲ့ပြီတည့်
ဝသီခမ္ဘာ၊ ကောင်းစွာသည်ဟိတ်၊ ကံအတိတ်ကြောင့်
ဖိတ်သည်ကမ္ဗလာ၊ ရှိလေလာသည့်၊ ဒေဝါသိကြား၊
နတ်အများနှင့်
စကားချိုပြေ၊ ဆိုပြီးလေ၍
လူနေ၏ရပ်၊ လောကခေတ်သို့၊ စိုက်မတ်ပျံလာ
သင့်မှာ ဆိုရေး
မဉ္ဇူမွေးသို့၊ မိတေးငုံပွင့်၊ နတ်သခင့်လျှင်၊ ပွင့်ထိမ့်ပါဒေ
ဤဘုံပွေသို့၊ ချွေမည်ချင်းတ
ဆိုချင်ပြ၍၊ ဗျာနုသဘင်၊ ဤကောင်းကင်ဝယ်
သင်ဆင်သလော
နောင် သို့စေမိ
ပြောဘိပါလော့-ပြောပါလော့၊”

“ကျွန်ုပ်သည်လျှင်၊ သင့်အသွင်သို့
ကောင်းကင်ဘုံမှ၊ ဤလောကဇာ၊ ရှုလှချင်လို
ကြွေးကြော်လို၍
ထို၏ဝဲပျံ၊ လွတ်လပ်ဟန်ဖြင့်၊ တောင်ပံရွှရွ
သည်ဗလနှင့်၊ လူ့ရွာ လူ့ဘောင်
ပြည်းလုံးကျော်အောင်၊ ငေါ်ငေါ်တချင့်တချင့်
ဆံငှင့်ငင့်နှင့်
ရဲရင့်မျက်စိ၊ သည်သတ္တိကို
တပည့်ခံကာ၊ ပေးထည့်ပါဟု
သည်မှာလူသား၊အသင့်အားလျှင်
စောင့်စားမျှော်မိတော့ သည်တကား၊”

ဂန္ထလောက ၁၂၉၄-ခု၊ ဝါဆိုလ၊

## ၁၈–ခရုသင်းသံ

'အသိုဘုရား' သာပ
ကြားလိုက်ပြီ သာသာညှင်းသေတော့
ခရုသင်း သည်အသံတဲ
စေတီယံ ယင်ပြင်ထက်မှာဖြင့်
ဝတ်တက်သူ လူထိုထိုတို့
ဝတ်ရွတ်ဆို–ဆိုထို့ ပြီးရေ့ထင့်
ပီးချမ်း တကိုယ်သာ။

အခါတိုင်း တွင်ဖြင့်
မြင့်ကျိုင်းသည့် ဤစေတီသို့
အရှေ့မှ အရောက်လှမ်းကာပေါ်
ပန်းဆီတိုင် တင်ကာလှူ၍
ဝတ်တက်သူ-သူ့နံဘေးမှာလ
ထိုင်မိကာ တွေဝေငေးပါထို့
ပေးကြသည့် အမှုပန်းကိုဖြင့်
ဆင်မြန်းကာ အသာဆင်းပြန်ခဲ့
ရွှင်း ပီတီဖြာ၊

သည့်တခေါက်တွင်ဖြင့်
အရောက်ကယ်–တကယ်နှောင်းလေပေါ်
နီမောင်းဇောင့် ရွှေပြဗ္ဗာဝယ်
ပေါ်လာပေါ့ အလင်း၊
ကြား ရပြန်ပြီ
ခရုသင်း သံဒီဒီပေါ်
လာပါပြီ–ခုလပ်လမ်းပေမို့
ဖွမ်းရင်းပင် အသံစဲလေတော့
စိတ်ထဲ မကြည်သာဘု

ဪ····သည်တခါ မကြေနပ်သော်လဲ
နောက်ထပ် နောင်တခါဖြင့်
မှီပါအောင် အားသွန်မြိန်းမယ်လို့
စိတ်နွမ်းကို သည်လိုဖြေ၍
ရွှေစေတီ ထွန့်ချာဦးကိုလ
ရွှေနေခြည် ညွတ်ကာဖူးလေတော့
မြူးခဲ့ စိတ်တွင်း။

တက္ကသိုလ်ကျောင်းတိုက်နှစ်လည်မဂ္ဂဇင်း ၁၂၉၄—ခု၊တော်သလင်းလ၊

# ၁၉—လပြည့်ဝန်း

ချစ်စရာ နောင်တနေ့တွင်ဖြင့်
တွေ့ဦးမည် ရည်ကာရော်မိပေါ့
ဩော်—မျှော်တိုင်းသာ ရွှင်လို့လန်းပါငဲ့
ဆန်းပါဘိ မောင့်ကုသိုလ်၊

ဖြူလို့ ဖွေးပါဘိ
ငွေသွေး ငွေစင်နှော်ငဲ့
ချေ့ရုံတော် ကြယ်ကလေ့တွေနဲ့
သိမ်မွေ့စွာ ညီသာခံတော့
မောင့်တမာန် ရောင်ခြည်အေးဆီက
တေးစိမ့်၍ယို၊

အမှန်ကြား ပါဘိ
နံပါးမှာ ယုံဖြူဆွတ်ကယ်နဲ့
ဆန့်ဖွတ်တဲ့ အဘိုးဒိုရယ်
ဆိုလေရော့ သလား၊
ငိုက်လို့ ငေးမိပေါ့
သည်တေး အသံသာသာချည့်

တို့–ခေးအမှန် ပါရော့ထင့်
ဗျာန်သမာ ထေရ်ရဟန်းလိုပါ့
လေဖြန်းရာ ခေါ်ပေပျံ၍
ဘော်ငွေလျှံ ချိုချိုသောက်ကာဖြင့်
ရောက်ချင်ရာ နယ်တောင်နီးဆီသို့
ယွန်းခဲ့ပြီ တကား၊

ဘဏ္ဍာ့သိုလ်ကျောင်းတိုက်နှစ်လည်မဂ္ဂဇင်း ၁၂၉၄–ခု၊တပို့တွဲလ

# ၂၀–တချသောသကြန်အခါ

လာလာသေ လိုက်ခဲ့တော့
တို့စရိုက် တို့ဘာသာ
နှစ်ဆန်းခါ ဝိတောက်ကြွားချိန်မို့
ကစားကာ ရေကြည်ကြည်နှင့်
ဝိပေသည် ဗမာမျိုးကိုလ
တိုးဆင့်၍ ချစ်ခဲ့တာ၊

[စကားညှပ်]
....လာပေ့ လာပေ့
ဘုရားကုန်းက တအုံးအုံးနဲ့ တရှုံးရှုံးလာကြ
ဘဲ့နှာဘာလိမ့်
ထိန့်လိုက်တဲ့အိုးစည် နှဲကလဲဝိသနဲ့
ဆီသုကာသီကြ ကာသုကာ–ကာလာ
နွားကြီးလဲ ပါသပေ့
ကျောပေါ်မှာကော်ဇော အမွေးရောသနပ်ခါး
ချိုပျားမှ ဝိတောက်ပန်းတွေက
တသျှမ်းသျှမ်း ရွှေအဆင်
နွားဗိတ်ထဲ အခဲသားဝင်လိုက်ရ
ရှင်လိုက်မည့် ဖြစ်ခြင်း........

ဩော် ·· ဝန့်မကာင်းသူကိုဖြင့်
ယွတ်ခြင်းမှာ ဝါသနာပါတဲ့
ရွှေဗမာ သည့်အမျိုးမှာလာ
အကျိုး—သည့်လိုတျာလိုက်ပါ
ရွှေမငွှု နှုတ်ချိုခွန်းရယ်နဲ့
သွန်းလိုက် မိပါ၊

....နှစ်သစ်ကူးတဲ့ တန်းခူးခါမှာ
ဒါနကတဝေဝေ ရေတွေကတ ရွှဲရွှဲ
ပျော်ပွဲကတဝင့်ဝင့် ကဲလို့သာဆင့်ရေ့
အရွယ်သင့် အရွယ်ငယ်
ဗမာတွေ ထယ်လိုက်ကြ........

ဘယ်မြေဟာ စေတီပေါ်မယ်လဲ
ဘယ်ပြေဟာ အပျော်ကျောမယ်လဲ
စိတ်ဓော မြန်ဗမာမှာဖြင့်
သံသရာ ဂရုထားသူ့ရို
ပါးလိုက်ကြ ပျော်ပျော်သာ
အခါက နှစ်ဆန်း၊

....လကာလဲ ရွှင်လန်း
ရွက်ဟောင်းကြွေကြွေ ရွက်သစ်ကယ်ဝေ
လေပြေက ဆန်းပြန့်တော့
လွှမ်းစရာပေါ့....

ဥသြ ငယ်သာ
ပင်မြင့်မှာ သံဝါဝါနဲ့
သကြြန်ခါ သူကညွှင်းပြန့်တော့
မလေးမောင် သည့်ရင်တွင်းဆီသို့
ဘိချင်း—သူ ဝင်လာ၍

ဖြူစင်စွာ ဂူဆင်၍သာပ
တူယှဉ်ကာ သူ့ရှင်မွေ့ခဲ့ပေါ့
ဩြော်...ဟိုနေ့ဟိုအခါက
ချိုကဗျာ ညှော့သည့် ကလေးတွေဖြင့်
ပေါ်ရွှေရွှေ ဓော်ပေမေးပါထို့
ဂူဘေးမှာ ဂူနေပေါ်တဲ့
ပျော်စရာ နေ့ဘွဲ့ကောင်းတယ်ထို့
အောင်းကြ ရှင်လန်း။

ဂန္ထလောက ၁၂၉၄–ခု၊တမ္ဗိုတွဲ-တပေါင်းလ။

## ၂၁–နန္ဒမူလိုက်

ရှုလာ စမ်းချင်ရဲ့
သည်နန်း သည်လိုဟာဖြင့်
ကြည်ညိုရာ ကြည်ညိုကြောင်းပေပေါ့
နတ်စောင်း ထံတျာသို့
သံစာစာ ရေယာဉ်ကလေးဟာက
နေလုလင် ခိုတဲ့တေးရယ်နဲ့
ရှေးကဲ့သို့ မြည်လိမ့်မယ်။

သည်အနား
ရွှေသား နန္ဒမူတဲ့
ငွေပင့်ကူ ဂူအဝမှာလ
သူလှအောင် ငွေချည်မျှင်နှင့်
အိမ်ဆင်ကာ ပိုက်ကွန်တန်းပြီထို့
မှန်းဆ မိတယ်။
လိုထော်အဝန်း
နတ်ပန်း ရွှေမည္ဘူတဲ့
တကြူကြူ သူကအေးရှာလိမ့်

ချိုမွှေးကာ ဖော်ဖေလာ၍
သာအာယာ အရိပ်ကိုနင်းကာပေါ့
လေညှင်းတွေ ရံကာချွေတဲ့
ပင်ခြေဆီ ရိပ်သာအေးမှာလ
တမွေးလောက် မှိတ်ချင်တယ်
ဆိတ်ကွယ်တဲ့ ရပ်ဝေး။

သည်ယနေ့ တွင်ဖြင့်
အမေ့ကို နောင်ကန်တော့ပါလို့
အသော့နော် မာန်ကိုထူခဲ့ပေါ့
နန္ဒမူ ဂူပုထိုးဆီက
ဥချိုးကူသံ ခေါ်တော့
လူပျံတော် နှံ့ရွှေသွေးတွေနဲ့
နေအေးအောင် ရွှင်ထိုလန်းမယ်ပါ
ဟွမ်းခဲ့ မယ်လေး။

ဝံသယုဝမဂ္ဂဇင်း ၁၂၉၄ ခု၊တန်ခူးလ။

## ၂၂—ဤကြာကန်

ကန်တဘက် ဆီက
ညထော်သက်ကာ ဘဝင်ကြည်ခဲ့ပေါ့
လွင်နီနီ ကြာပွင့်ဖူးငယ်တို့
ကန်အနေ ရေသင်ဖြူးမှာလ
နွဲ့ညှို့စွာ အိမ်ခြွေဆင်၍
တင်လေသည့် ရေကာသိုထော်းရယ်နှင့်
ကိုင်းညွှတ်၍ နေကြရှာ။

ကန်ပေါင်ရိုး
ပင်မျိုးညှို့ ထိုထိုမှ

ပင်ကူကြို နီတဲ့ပန်းတွေက
ရေနန်းစံ ကြာတပေါ်သို့
"တော်ပေသည် ငါ့မှင်များ"ပါတဲ့
စကား–လေ ပမာက
ရေနှံ့သာ မြတခဲဆီသို့
ဝဲပျံ ကျကာ၊

အရိပ်စိမ်း ငယ်တို့
ငြိမ့်ယိမ်း ရောင်ပြန်နှင့်
သည်ကြာကန် သည်စခန်းမှာလ
သည်ပန်း နီလွင်လွင်တို့
တထည်ဆင် တင်ခြယ်သကာပ
သည်လောက စကားထာ
ဖွက်ရှာကြ လေမလား၊
မြင်မကွဲ သော်ကြောင့်
ဇော်မွဲ–သည်မြေချာက
တည်နေရာ ဖယ်မဖွေရှိကာပ
မေ့မြောအောင် ဉာဏ်ဝင်စားချင်လို့
မာန်အားကို အတူမျှော်၍
တရော်ရော်–ရော်တ,ယမ်းကာဖြင့်
တနွမ်း တခွေခွေနှင့်
အတွေတွေ တွေ့ထိုစောမိပေါ့
ကြာတောနီ ပြေပြေက
သည်လေပြေ သုံထိုညှင်းပြန်တော့
ကျိုပေမှာ မှုံမထင်းသော်လဲ
သင်းထို့ မှုံရှား၊

ဂန္တလောက ၁၂၉၄–ခု၊ နယုန်လ။

# ၂၃-သားအမိ

"လူကလေးရယ်တဲ့
ရွှေသွေးကို အမေခေါ်သတဲ့"
အမေလျှင် သူ့ရင်ဘွားကိုဖြင့်
ရွှေပါးမှာ သာယာစွာပါ
ဘယ်ညာမှာ ဖွယ်ကာမွေးလေတော့
လူကလေး ညိုတိုတိုက
ရယ်မသို မျက်နှာပန်းရယ်နဲ့
ချမ်းမြေ့တဲ့ သဏ္ဌာန်။

မြေက ဘွားသော်လဲ
သည့်သား သည့်အမေတို့
သည့်အနေ သည့်ခါတွင်းမှာဖြင့်
သစ်ဆင်း မင်္ဂလာပါ
အမြင်မှာ မြေအသွေးပေမဲ့
အလင်္ကာ ကဝေတေးလိုပါ
လေသွေးရာ သူပြုစားပေလိမ့်
သားနှင့် မာတာ။

သည့်မိကလေး မှာဖြင့်
ရွှေသွေးကို အသာချီ၍
တာတီတီ နှုတ်ချိုစကားရယ်က
ရွှေဘား ရွှေဝံဘိုင့်ပြင်
ကြောင်အိုအို ခိုကိုဘမ်းမယ်နှင့်
စခန်း ဟိုတောင်ခြေတဲ့........
သည့်အမေ သည့်အတွေးမှာဖြင့်
အေးရှာလိမ့် ဘဝင်မှာ
"သည့်ရွှာက လူတွေလား။"

အခဝင် ဂှပါဘိ
သည်သား သည်အမေတို့
သည်မြေမှာ သည်လိုတင့်လေတော့
တပင့် တညှာတံမှ
ဖြာရံကာ ပျို့ထိုလန်းကြတဲ့
အပြာလျှံ ဗိုတဲ့ပန်းတွေသို့
ဇော်ပေမှာ မျှော်တွေထိုလွှမ်းမိရဲ့
ဆန်းတဲ့ တရား၊

ဂန္ထလောက ၁၂၉၅-ခု၊ တပေါင်းလ၊

# ၂၄–သကြြန်အခါ အလံတိုင်ဘုရားမှာ

ဖထ်ပြာ ခွက်ကယ်နှင့်
ကျောက်စက်ကျ–သည်ရေကို
အမောပြေ–တိုက်ပါ–မ–ရယ်လို့
ကြွေးဟာကာ ရွှင်ပျော်ပျော်နှင့်
အခါတော် သင်္ကြန်တွင်းပေပေါ့
ဘိချင်း တချိုချိုနဲ့
ကိုလှပျို ဒိုးပတ်ဝိုင်းငယ်က
ရပ်တိုင်းမှာ ဆူညံညံ့ပ၊
အလှူခံ ပျော်တဲ့ပွဲပေရှိ
ဒွဲနေကြ–ဒို့ပြေမှာ၊
....အခါကာသင်္ကြန် မြိုင်ယံကာဥသြ
တောရွာမှာသူ့ခလေ့ ပျော်မျိုးရုံတွေ့ကြပေါ့
မွှေလိုက်ကြ ရွှင်ရွှင်လန်း
သာဆန်းကာဒိုးပတ် ဘိုးမြတ်ကမြွေတို
ဖေညှိကာလင်းကွင်း သာညွှင်းကာသံတိုင်
ဝိုင်းတော်ကြီး မြိုင်လိုက်တာ.........

အလံတိုင် ဟိုဘုရားဆီသို့
အသွားမှာ–ရွာစဉ်ရှောက်ကာပေါ့
ဒိုးခေါက်ကာ တဂျောင်ဂျောင်နှင့်
တပျော်ပျော်–နားတော်သွင်းလေတော့
ကြင်ရင်းငယ် အပျိုဖြူတို့ရဲ့
အလိုတူ မျက်နှာပေးတွေက
အေးမြ စန္ဒာ။

....“ပျော့လာအေ့ ရှင်မယ်မေ
ညီးတို့မောင်လူရည်လှ၊ အကနှယ်တွေလှချည့်
ကြည့်စမ်းပါ့ အေရယ်”
“ဒိုအေ တွေ့ပါစေသည်လို့ပွဲ
ချွေးများဘဲကျကျ၊ အကတွေလှလွန်းလို့
ကြင်မဝရှုမရဲ၊ ကြဲလှတဲ့နေဝါဝါမှာ
သည်မေ့မောင် တကယ်ဟိုက်ကို
နေ-လိုက်၍ ကာချင်ရဲ့”....
မြတ်ဗုဒ္ဓါ သည်အရေးပေမို့
ချွေးလုံး အသွယ်သွယ်နဲ့
မောင်တို့နှယ် ဗုံသံဆန်းလေတော့
မယ်တို့နှယ် ခါတော်ပန်းတွေနဲ့
နှီးနှမ်းဆင် ပုဝါရှို၍
ကညာဂုဏ် ကြည်လို့ဝင်းကြပေါ့
မြိုင်တွင်းက ပုရစ်ဖြာ
သစ်ပါပေါ့ မြအသွေး။

....နေခြည်ကမွှေးမွှေး စေတီကသေးသေး
ရေမွှေးနှင့် ရေသပ္ပါယ်
ဟိုမှာတစ သည်တစ၊ ရေလုလို့သယ်ကြ
အလယ်က ဘုရား

စကားကာတပေါင်ပေါင်၊ မောင်တို့ကရေတွေသွန်း
စေတီငယ် မွန်းရချည့်
လွှမ်းစရာ့သည်နေရာ၊ မယ်တို့လဲလာကြ၍
ပိတောက်ဝါ ရင်ကာတ်ပန်းတွေနဲ့
ကြည်ညှိခန်း ဖွင့်ကြပေါ့....

အခွင့် ငယ်သာ
ပျော်ချင့် ပျော်စရာပ!
တော်မဟာ သင်္ကြန်ခေတ်ပေမို့
ရွှေမေတ္တာ တနှစ်ကိုယ်တို့
သူလိုရာငဲ့ကာ စောင်းကာနှင့်
ဆုတောင်းကာ ရှယ်ရည်စောင်ကြ၍
ဘယ်ပြည်ထောင် သည်လိုထူးနိုင်ပါ့
ရှယ်ညီနောင် စေတီဦးမှာဖြင့်
ဖူးကြတယ် လေး။

ဂန္ထလောက ၁၉၃၃-ခု၊ တန်ခူးလ၊

---

အခန်း—၃။

ရေးသူ—မောင်ညွန့်

## ၁=အိုဘခင်

၁။ "ဘောဘော-ဘောဘော"
ခေါ်ပါ ချေသည်း
ဘောဘော မတွေ့
ပူဇော ကြွေ့လျက်
ခက်လှ တော့အင်
"အို ဘခင်။"

၂။ စာစာ-စာစာ
သားမောင် ရှာလည်း
"ဘဇာ ခင်းကြောင့်
ရှောင်ကွင်း ရှားချင်
မုန်းစိတ် ဝင်လဲ"
မေးတို့ ခဲသည့်
စိတ်ထဲ မရှင်
"ဒို ဘခင်။"
၃။ "မေမေ-မေမေ
ဘေဘေ ဘယ်သွား။"
မေးပါ ပြောလည်း
ရှောင်ရှား လွှဲဖယ်
မွေးမယ်မယ်မှာ
သွယ်ဖြာစီးကျ
မျက်ရည်စနှင့်
ဆွေးလှစိတ်တွင်
"ဒို ဘခင်။"
၄။ "သားလှ-သားလှ
ထောင်နား သူ့လော့
မင့်ဘ ဖိတာ
ထက်နဘ် ရွာသို့
ရှောင်ခွါ စွန့်သွား
မယ့်သား သခွေ
စွဲကာ နေဆဲ
ရှုရင် ကွဲမှု
မေ သည်းကြွသည့်"
သားလှဖြစ်ဆောင်
"ဒို ဘခင်။"

၅။ မာတာ—မာတာ
မျက်ရည် ဖြာသော်
ကျွန်မှာ ရွှေသဲ
လောင်ကြွေ ကွဲမှု
ဝမ်းနည်း လှလျက်
သက်ထွက် လုပင်
မိခင် ရင်ထဲ
ခွေကာ လဲ၍
ငိုပွဲ ကြွကြွ
အကျွန် ပူသည်
ရည်တူ ရှားအင်
"အို ဘခင်။"

ဂန္ထလောက ၁၂၉၆–ရ၊ပဌမဝါဆိုလ။

# ၂—ဆူဥသြ

၁။ တလက်လက်လျှင်၊ ရစ်ဆင်ကွန့်မြူး၊
တိမ်ယံဦးက၊ ထူးလှရောင်ခြည်၊
လမင်းကြည်သော်၊ မပျော်အိပ်စက်၊
စခန်းထက်ဝယ်၊ လျှမ်းလက်မီးရောင်။
လင်းပြီးနောင်မှ၊ ရှောင်ခွါပျင်းရာ၊
ထွေလဖြာဘိ၊ စာကိုကြည့်လည်း၊
မချိအသဲ၊ စိတ်ကစွဲ၍၊
မှိတ်ဘဲမျက်တောင်၊ ကိစ္စအောင်ဘို့၊
ဆောင်ဆောင်ကြံတွေး၊ တရေးရေးတည့်၊
မဒေအပူ၊ နောင့်သည်းဒရှူမှာ
ဆူကာနွမ်းလျ၊ ကျွမ်းကျွမ်းကျလောက်၊
လှမ်းစပြောင်လှောင်၊ တောင်ပန်ဆော်နှက်၊

သစ်ပင်ထက်က၊ နှုက်ဆက်တွန်ကြူ၊
ချစ်ဘွယ်သည်မှူ၊     ၊ကူဘိသည်လည်း—ဖြူညသြ၊

၂၊ လွန်မြောက်သန်းခေါင်၊ မြောက်ခန်းဆောင်မှ၊
အခေါင်မာလာ၊ ရန့်ဖြာလျက်၊
တသက်သက်လျှင်၊ သွက်သွက်ဆော်ညှင်း၊
လေပြေသွင်းသော်၊ ပျော်ခင်းမမြင်၊
စိတ်မရွှင်ခဲ့၊ နေလျှင်မရ၊
ထိုင်မကျနှင့်၊ တောင်သမြောက်ပြန်၊
လူးလာဆန်၍၊ ပူဟာန်သွင်မူ၊
အတွင်းဆူကို၊ ဖြေယူမရ၊
လဲလုမျှတည့်၊ လင်းစရောင်ခြည်၊
ပြုဗ္ဗာဆီမှ၊ ကြည်ကြည်လျှမ်းလက်၊
ထွန်းကာတက်သော်၊ အိပ်စက်ပျော်သူ၊
ထစေမူဟု၊ ကြူကြူခွန်းထောက်၊
တွန်သံနှောက်သည်၊     ၊လွမ်းလောက်သည်လည်း—
ဖြူညသြ၊

ဂန္တလောက ၁၂၉၆–ခု၊ဒုတိယဝါဆိုလ၊

# ၃–နွေဂိမ်မန်

နွေဂိမ်မန်၊     ၊တိမ်ယံကွန့်ဆိုင်း၊
မင်းလွင်မှိုင်းသား၊ ရှုတိုင်းဘဝင်၊
အူသည်းကျင်မျှ၊ သွင်သွင်လောင်းလာ၊
လေညှင်းသာလည်း၊ စကာဝါနှံ့၊
သင်းပျံ့ပျံ့နှင့်၊ ဝင်းဖန့်နေခြည်၊
နောက်ကျွန်းဆီမှ၊ သိသိရောင်မှေး၊
ဖြော့ဖြော့ရေး၍၊ ညဥ့်ဇလေပြန်၊

သုတ်ဖြန်းဟန်ကား၊ လွမ်းဘွယ်ချားသည်၊
ဆပွါးတန်တန်၊ နွေဂိံမန်၊

နွေဂိံမန်၊ ၊မြိုန်ယံတောတန်း၊
စိမ့်လဲ့လန်းသား၊ ခါဆန်းရတု၊
မိုဃ်းသို့လှု၍၊ နူ့နူ့ပုရစ်၊
စိမ်းဝါလှစ်ခဲ့၊ ရွက်သစ်ညွန့်ဝေ၊
ရွက်ဟောင်းကြွေသော်၊ ခါနွေတင့်ဘိ၊
မြေတိတင်းကြမ်း၊ သိင်္ဂီလျှမ်းမျှ၊
သာဆန်းရဂုံ၊ သာမျိုးစုံအောင်၊
ရွှေရောင်ဖြေသွေး၊ ရောယှက်ထွေးသည်၊
လွမ်းရေးပေါ်ဟန်၊ နွေဂိံမန်၊

နွေဂိံမန်၊ ၊သောင်ယံကျွန်းငူ၊
မြစ်ကမ်းမူလည်း၊ ငွေဖြူသလင်း၊
သင်ဖြူးခင်းသို့၊ မှိုတင်းသဲပြင်၊
လွမ်းကြင်မောင်နှံ၊ မြူးပျံတုံ့လာ၊
ဟာသ်ာဗိုမ၊ ဒီအကျတွင်၊
မြွက်ဟချစ်တင်း၊ လူ့ဘို့ချင်းသို့၊
ပိန်ညှင်းမောင်မယ်၊ ချစ်ကြောင်းသွယ်လျက်၊
မယ်ညှိုသောင်တင်း၊ ဝဲပျံဆင်း၍၊
လည်ချင်းယှက်ဘိ၊ စောင်းကာလှည့်သည်၊
ဆွေးမိဆွေးပြန်၊ နွေဂိံမန်၊

နွေဂိံမန်၊ ၊လွန်းဟန်သွယ်သွယ်၊
မြင်ရဘွယ်ကြောင့်၊ သက်လှယ်ကြင်သူ၊
နောင့်သည်းဒုက္ခနှင့်၊ အတူတကွ၊
ယုယဖြေဖျော်၊ နေလိုသော်ငြား၊
နေဘို့အားကို၊ စောင့်စားငံ့မျှော်၊
တမ်းခေါ်ရှုတာ၊ တွေ့ချင်လှသည်၊

ဒေါင်းမြယာဉ်သာ၊ နေစကြာလည်း၊
ဂေါယာသို့လှ၊ ယွန်းစပြုသည်၊
ဗျာမှုဖွေဟန်၊ နွေဂိံမန်၊

ဂန္ထလောက ၁၂၉၆-ခု၊ ဝါခေါင်လ။

# ၄-ယမုံနာ

၁။ ယမုံနာ၊ ။ဇလာရေကြော၊
လှိုင်းသောသောနှင့်၊ ကျမျောဒိုက်ပုံ၊
သုံသုံညှင်းထွေ၊ သွင်းလေသွယ်ဖွဲ့၊
ရှုလောက်ခဲ့သည်၊ ။ယိမ်းနွဲ့ယာဉ်သာ-ယမုံနာ၊

၂။ ယမုံနာ၊ ။ဘောဒါပန်းနှံ့၊
သင်းပျံ့ပျံ့နှင့်၊ ရပ်တန့်သောင်စွယ်၊
ငှက်မောင်မယ်တို့၊ သွယ်သွယ်လူလို၊
ချစ်တင်းဆိုသည်၊ ။လွမ်းပိုစေရာ-ယမုံနာ။

၃။ ယမုံနာ၊ ။တငါမောင်နှံ့၊
မြစ်တွင်းစုံတို့၊ ဟန်ပန်မြူးတင့်၊
သံသာဆင့်၍၊ ကျူးရင့်ပျော်ပျော်၊
ချစ်တင်းဖေါ်သည်၊ ။လွမ်းမျှော်တ,ရာ-ယမုံနာ၊

၄။ ယမုံနာ၊ ။သဲသာသောင်ရိပ်၊
ရေသိပ်သိပ်နှင့်၊ မိတ်တသက်ပန်၊
ဇင်ယော်သံတို့၊ ဖန်ဖန်ရှုတ၊
ကြားမဝသည်၊ ။ပွါးဆ-ဗျာပါ-ယမုံနာ၊

၅။ ယမုံနာ၊ ။မျှော်ကာမှန်းဆ၊
ပင်ထယ်ဝသို့၊ ကျယ်လှရေပြင်၊
ကမ်းမမြင်ခဲ့၊ လွမ်းခွင်ထူးတင့်၊
မြှိုးဆင့်သည်၊ ။ဆန်းတင့်ဖြာဖြာ-ယမုံနာ၊

၆။ ယမုံနာ၊ ။ညှို့ပြာတိမ်ဆင်၊
မြင်ဆန်းအင်ကြောင့်၊ မ ရှင်စိတ်ထဲ၊
ခွေခါလဲမျှ၊ နွမ်းလျှလျှပင်၊
တွေ့စမ်းချင်သည်၊ ။သက်ကြင်တမ်းရော–ယမုံနာ၊

ဂန္ထလောက ၁၂၉၆–ခု၊ ဝါခေါင်လ၊

# ၅–ဆောင်းဟေမန်

၁။ ဆောင်းဟေမန်၊ ။လေပြန်ကူလှောက်၊
ဆီးနှင်းပေါက်လည်း၊ ဖြောက်ဖြောက်သွန်းလှာ၊
ပတ်သာဒုံမင်း၊ စောင်းသံညွှင်းသို့၊
ကျဆင်းစွေသွန်၊ သလွန်စက်ခင်း၊
ဆွေးဓာတ်ကျင်းခဲ့၊ ဆောင်တွင်းကတိ၊
စိန်ကြာခြည်မှာ၊ ရထည့်ရှိထွေး၊
လုံမနွေးသည်….တုံဇပြင်းထန်–ဆောင်းဟေမန်၊

၂။ ဆောင်းဟေမန်၊ ။ဂေဟံအာကာ၊
ယုဂန်ချာမှ၊ စန္ဒာထမင်း၊
ရောင်ခြည်ဝင်းနှင့်၊ ကြယ်မင်းဇေ္ဈာ၊
နီးကပ်ခါတွင်၊ ဂန္ဓာမြိုင်စွန်း၊
ရှုခင်တန်းမှာ၊ ဝေလျှမ်းမြရည်၊
ပန်းချီချယ်ရေး၊ ဆေးစုံထွေးမျှ၊
ရှုမဝသည်….နှဖွာသာဟန်–ဆောင်းဟေမန်၊

၃။ ဆောင်းဟေမန်၊ ။စုံယံမြိုင်တွင်း၊
ပင်မြင့်မင်းဝယ်၊ ကြိုင်သင်းသဇင်၊
ဂမုန်းအင်နှင့်၊ ဂေါ်ဇင်,စွယ်တော်၊
ပျံ့ကျော်ဘက်ရှား၊ မြသားခွါညို၊
ပွင့်လန်းဖိုခဲ့၊ ယိုကျလုလု၊

ဝတ်ရည်ဥမှာ၊ ထိပ်ပြာပိတုံး၊
ရကာရုံးသည်…ညှလုံးသွင်းဖြန့်–ခေတင်းဟောမန်၊

၄၊ ခေါင်းဟောမန်၊ ၊ရောင်လျှံဖြာထွန်း။
ယုန်ငွေစန်းလည်း၊ မှောင်သန်းမြူဆိုင်၊
မပြူနိုင်ခဲ့၊ မှိုင်ညွှန့်ညှဲဖြင့်၊
မြိုင်လယ့်ချက်ငွေ၊ နှင်းခဝဝေမှာ၊
ရှာဖွေကြွင်ပေါ်၊ တမ်းတ,မျှော်သို့၊
မပေါ်တချက်၊ ပေါ်တချက်ပင်၊
လွမ်းရေးဆင်သည်…ဆွေးအင်ပြည့်လျှံ
ခေါင်းဟောမန်၊

ဂန္ထလောက ၁၂၉၆–ခု၊တော်သလင်းလ။

# ၆—သွန်းညောင်ရေ

သွန်းညောင်ရေ၊ ကဆုန်ပြေမှာလ၊
ထုံတြွေ့ဝွာ နှံ့သာကြူ၍၊
ပြာဖြူဖြူ၊ ညွှဲညွှဲနောင်းငယ်တို့၊
လောင်းလိုက်ကြ၊ ဖြိုးလျှံဝေ၊ ၊
နှစ်အထူး ပေထင့်၊
ညွှတ်နူးဘွယ် ဖြပ်ဖြူးပါဘိ၊
တပ်မှူးနေ့ဘ် ဖောင်ဘဝံဆန်းသာပ၊
မှန်းဆ မသွေ၊ ၊

ယိမ်းအခန်း တွေ့နှဲ၊
ကံန်းခန်း ဇာတာကြည်တို့၊
အလီလီ ကန်တော့ပွဲကိုဖြင့်၊
ညွှဲလိုက်ကြ မျှားထွေထွေ၊
ဖြာဝေထို့ ပြည့်လျှမ်း၊ ၊

ခြေဩ်, တီဂုံမြတ်ပေရှိ၊
ယုံညွတ်ခါ ဆုခွင်တောင်းရှာကြ၊
ပေါင်းရစေ ရွှေတခွဲရယ်နဲ့၊
ပုလဲမောင် ရွှေရောင်စောင်းငယ်တို့၊
ခေါင်းလောင်းကို သံသာတီးလို့ရယ်၊
ကြီးချ ကမန်း၊

ဂန္ထလောက ၁၂၉၆–ခု၊ တော်သလင်းလ၊

---

အခန်း—၄

ရေးသူ-မောင်ဝန်

# ၁–ခါနွေဆန်းတော့–လွမ်းမိတယ်

ဆန်းစခါနွေ၊ သာတပေါင်းမို့-ညှာညောင်းကြွေ၊ ပြေပြေရော ချ၊ မြအသွေး–ရွှေရေးလုလို့၊ ရဟုအညီ၊ မြေသို့သက်တဲ့ ရော်ရွက်ရိ ကို၊ ပလီပလာ–တီတာတာ သည့်ခါလေ့၊ နွေအကူး–လေရူးဌေ တော့၊ ကွေ့ကွေ့ဝန်းပိုက်၊ ရွှေကြောင်ဘား–ပြိုးဖျားလိုက်သို့၊ မြိုင် တိုက်ရုံယံ–ရွက်ပောင်းပျံသော်၊ ရွှေခြံဂါမ-ကျွန့်ဌာနကို-မှန်းဆ လို့တွေး၊ မိဘနှစ်ပါး–ဆွေအများကို–လွမ်းအားနှင့်ဆွေးမိပေါ့၊

မအေးနိုင်–မရွှင်နိုင်၊ သည့်ရာသီ-လတပေါင်း–ကြက်ဆောင်း သို့တိုင်သောခါ၊ တလှိုင်လှိုင်ပေါ်- မြိုင်တကြော– တောစပယ်ဖြူ၊ ဝတ်မှုံကျင်းတဲ့- သင်းကြူကြူကို၊ လေချူထိုးသွင့်၊ ပန်းထုံတဲ့လေချို မှာ-ရွှေချိုးပျို ကူသံဆင့်ပေလိမ့်၊

မြိုင်မြင့်ရုံခြေ- ဆာဝေဝေ–ရွှေကာသစ်ပန်း၊ ကောဝိလာငယ်– တျာတျာရင့်လန်းကာပ၊ ပင်နန်းထက်ယံ-ဆက်ရက်သံ–ကြွက်ညံ့ ကြေဩ်ကြွေး၊ မ–ဖိုပျော်ပျော်–တူနှစ်ပေါ်-ထူးခေါ်ကာမေးကြသနှင့်၊ ကွေးကွေးကျစ်ကျစ်–ဖူးပုရစ်လည်း–ဖြေလှစ်စင်စင်၊ ရုံတခွင် ဝယ်၊ မြရှင် ရွက်ဦး၊ လုပ်လဲ့လုပ်လီ-လေအချီ–ဟိုသည် ညွတ်မြူး

စဉ့်မှ၊ကြည်နူးစဖွယ်-တောအသွယ်–သူငယ်သွားကျောင်း၊ ညောင်ညိုမှိုင်းချိတ်– ပင်ပျိုရိပ်မှာ– အသာအိပ် လျှောင်းကာပ၊ ချောင်းချောင်း ပူလျှံ– သူရကန်– တခဲမမှု၊ ဝါးပုလွေဘို- ရောင်စိုစိုကို- လေချိုနှင့်ညှရောကာ၊ ရွာသူ့ခလေ့-ရှိအကွေ့ ပျိုမမှုသူဇာ၊ ထင်းခွေ-မျောက်တုံး-ကြိမ်ညွှန့်ဖူး-သူအခူးလာရာတွင်၊သာသာအေးအေး—မသံပေး-ဆိုတေးသံ ပြာတော့ကို၊ ချာကနဲပင်၊ မောင်ဂေါပါလ-ငေါက်ငေါက်ထ- ရှိဝသို့ဝင်လို- “ရှင်ဒိခွေးညို– တုတ်ဝိုဝိုရယ်၊ ဟိုဘနေ့ည– ဖခေါင်းချမှာ-ရှင်မဘို့တဲ၊ သွားရုံတခို- ဗူးစင်ပျိုမှာ-ရွှစွန်ညိုဝဲပါလျက်ကနဲ့၊ မထွက်မပေါ်၊ မခွေးငယ်အခွဲ့တိုက်လို့၊ မိုက်သုံက်ပုံ တော်ရော့လ၊ ကျော်ကျော်ကြွားကြွား–မခွေးသား–ခါးခါးအံအံ၊ ပင်လယ်ယံမှာ-ရေငန်နှင့်ဆေး၊ ငယ်ကချစ်တဲ့-ဆံရစ်မေကို-ဟောဒီဖေလွေးမှာပေါ့”ဟု၊ အေးအေးပြုံးပြုံး၊ တောစရိုက်နှင့်-အလိုက်သင့်နူးသည်ကို၊ စိတ်ကူးတွင်သာ- မြင်ရပါ– ဘယ်ခါကာလ၊ ကျွန့်ချက်မြှုပ်တဲ့- တောအုပ်ညိုမှာ-ကိုယ်တိုင် မြင်ရပါမတုံး၊

လျှာလျှာနွမ်းနွမ်း၊ တ-ထို့သာမှန်းရတော့၊ ထွက်လမ်းမမြင်၊ ဒဂုံ ဒွင်၊ မ ရှုင်နိုင်အား၊ ခေါင်းလောင်းမချို–တက္ကသိုဘ်ဝယ်- နေညိုချိန်များမှာတော့၊ အင်းလျှားရတနာ– ကန်တော်သာမှာ– ပြာပြာလဲ့လဲ့၊ ထိုင်းဗေါင်းဗင် ပွဲတော့ကို၊ မိခင်ရဲ့ သားပျိုမှာ၊ အလိုလိုရင်မှို လေးကာပ၊ဆွေးမိတော့တယ်၊

ဝေးနယ်ရပ်ကွာ- ကျွန်တို့ရွာမှ- ခုခါကာလ- တပေါင်းကျကာ၊ မြမြရိုရို-အုန်းညိုညိုမှာ-ကြည်ချိုသာမော၊ ရွှေဥဩလည်း၊တတော လုံးစင်–ထပ်မဲ့တင်နှင့်၊လွင်လွင်အေးအေး-ရင့်ရှုကြွေးလိမ့်၊

နယ်ကျေးဟိသာ၊လွမ်းကာကာငယ်၊ပြန်ပါမည်တင်း၊သေတ္တာကိုပြင်– ဖါကိုင်င်- စာစင်ကိုရှင်းပြန်တော့၊ ထောင့်တွင်းမှာကြည့်၊ ကျွန့်ဝိတ်ကြီ-အရင်ဦးပါလို့-တင်ကူးကာ သိရော့ထင့်၊ ညှိုးလိလိ–နွမ်းခွေခွေ၊ စိမ့်ချက်ရည် တဝေဝေနှင့်၊ ရွှေဘောင်မှန်သွင်း-ဓာတ်ပုံတွင်းက၊မောင်မင်းကြီးသား “သူငယ်ချင်းရပ်-အတင်းကွယ်–

မင်းဘယ်ကြောင့်-တားသလဲ၊မင့်းမှာတော့ ရုပ်ကြီးသား၊ ဒဂုံမှာ
ဆွေအများနှင့်၊ပျော်ပါးလို့နေနိုင်ငဲ့၊ မြို့ငချောကာဒီငချာမှာ၊ မင့်းမျက်
နှာတင့်ရှာမှတ်ပါလို့၊ ခိုကပ်မှီစဲ- ပျော်မည်ထို့ ခဲသော်လဲ၊ တကာတဲ
လေ... သူရိယာ အနောက်စောင်းပါလို့၊ ခေါင်းလောင်းသံဝေမှ
ပြင့်၊မနေနိုင်၊ မတိုင်နိုင်၊ တားမနိုင်-ဆီးမနိုင်၊ ခတ်ထွားထွားစတိုင်
နှင့်၊ ကားပိုင်ကြီးစီးတဲ့လို့၊ခရီးသုတ်နှင်တော့တယ်၊ နောင့်မှာတော့
အဝီးကျန်၊ ကျောင်းဆင်းလို့- မင်းပြန်ရင်၊ ဟန်မရ- ထိန်းမရ၊
သက်မကြီးပြင်းပြင်းချလို့၊ ခုံးဝမှာ ငိုင်တိုင်တိုင်၊ ခြေလက်ပစ်
ထိုင်တဲ့ပြီး၊မှိုင်တာနဲ့ကံစွတုံးရော။ ။အလိုလေး၊အလိုလေး၊မင်း
ဘယ်ကဲ့ပြေးသလဲ၊ထောင့်ထဲမှာမြင်ရတဲ့၊မင့်းရုပကိုယ်စားလာယ်၊
မင့်းလင်ပျာ ပျိုရွယ်ရွယ်ကို၊ တကယ် ဆတ်ဆတ်၊ မြင်ရသည်
မှတ်သော်လဲ၊ ဗတ်ဓာတ်လွှဲစား၊ ဒုက္ခများ၊ ရုပ်ကားမရှိ၊ စိတ်ထဲ
မှာအတွင်ကူးပြီး၊ရှုးလိုက်ပ ဘိတော့လေး၊ ။

တက္ကသိုလ်ကျောင်းတိုက်နှစ်လည်မဂ္ဂဇင်း ၁၂၉၂-ခု၊ တပေါင်းလ။

## ၂-နွေဦးပေါက်တော့

ဆွေ့သည်ဆွေ့သည်၊ ရုံပတ်လည်ဝယ်
မစည်ကြုံးကြ၊ ရွက်ရော်စဲသည့်
နှင်းစဲခါ၊စ-ပေါ်နွေဦး၊ ။

ဝေ့လည်ဝေ့လည်၊ ရပ်မတည်သည်
ဘိုသည်လျှောက်ပြေး၊ ရွက်ရော်သေးကို
ဆောင်သွေးချေပေါ့-ဆော်လေရူး၊ ။

မြွေချည်မြွေချည်၊ ရိုမပြည်သည်
မကြည်နောင့်ဝမ်း၊ ရွက်ရော်နွမ်းနှင့်
မိတ်ကျွမ်းတဝင်၊ ပါလေအင်သည်
ဘယ်တွင်ဆုံးရပ်-မြော်ချောဘူး၊ ။

ဂန္ထလောက ၁၂၉၃-ခု၊ တမ္ပိုတွဲလ။

## ၃–ရှေးနှင့်မတူ

မွေးမယ်မွေးမယ်၊ ရှေးခါဝယ်က
နေ့စွယ်ရောင်ညှိုး၊ လရောင်ဖြိုး၍
မိုးရိပ်ဓာတ်၊ ပုံတိုပါ၌တို့
ရေလွှတ်ခရား၊ တွတ်တွတ်ကြားလျှင်
မေ့သား အင်းလိုက်-ပျော်တော့၏။ ။

ဗိတာ ဗိတာ၊ ရှေးအခါက
နေ့စာရောင်ကျင်း၊ နံနက်ခင်း၌
ဆင်မြင်းချပ်တူ၊ ပြီစွာထရ၍
"မျက်ရှု ပျော်ပါး၊ ရွှင်တော့"ကြားလျှင်
ဘေ့သား ကြည်စိတ်-ပေါ်တော့၏။ ။

မွေးမယ် ဗိတာ၊ ယခုခါမူ
ပျော်ရာ ပျော်မှု၊ ပျော်ကြောင်းရှုလည်း
ညစ်ကျူ မရွှင်၊ ကိုယ်တည်းပင်လျှင်
သွင်သွင်လေသွေး၊ လရောင်ဖွေး၍
တတွေးတောတော၊ နေ့စိတ်စောသည်
ကြွေသောပန်းနွယ်–ရော်တော့၏။ ။

ဂန္ထလောက ၁၂၉၃-ခု၊ တပို့တွဲလ။

## ၄–မောင်တွေးအို

(နွေရာသီအတွက်။)

ရွှေဥဒေါင်

ပိန်းပိန်းညှိုညှို–ဟိုဘက်တောက၊
ရွှေညွှာလေး-တွန်သံသာ၊
နွေဦးပေါက်ရင်–တွန်သံကြားရ၊

မြင်ဘူးကြွလား–မောင်တို့ရာ၊
ကျိုးသိုက်ထဲမှာ–သူ့မေထားလို၊
ငှက်ဝင်စားလေး–သူ့ခမျာ၊
သနားစရာ–အမေပျောက်ထို၊
သူ့တယောက်ထဲ–ဖေါ်မပါ၊
သာသာယာယာ–သူတွန်ညည်းတော့၊
တို့ကျောင်းကြီးလဲ-ပိတ်တော့မှာ၊
ပိတ်မှာ-ပိတ်မှာ။

*  *  *  *

တောခက်တဲ့

နေမင်းပူပူ–ခေါင်တိုင်ခေါင်းက၊
မိုးရေတောင်းတဲ့–ကိုဟဝါ၊
ဖိန်းလှရွက်လို–သူ့အသားက၊
ပြောက်တောက်ကျားတား-ဝါတာတာ။
တောက်တဲ့ဆိုတာ–သူမှတ်လားကွဲ၊
တို့အိမ်နားလဲ-တကောင်ပါ၊
မိုးလေခေါ်ကာ-တခွေလုံးပ၊
မိုးတွေချုန်းထို–လေတွေလာ၊
မိုးပါ-လေပါ။

*  *  *  *

(မိုးရှောသီအတွက်။)

အမြေသီးကောက်

ဝါဆိုဝါခေါင်-ရေတွေကြီးထို၊
သမြေသီးမှဲ့-ကောက်စိုက်ကွယ်၊
ခရာဆူးချုံ-ဟိုအထဲက၊
မျှော့နက်မဲကြီး-တွယ်တတ်တယ်၊

မျှော့နက်ခဆိုတာ၊ ချိုနဲ့လားကွဲ၊
မြွေနဂါးတောင်–ကြောက်ဘူးကွယ်၊
တို့လဲကြောက်ပေါင်–အတူသွားစို့၊
အုန်းလက်နွားလေး-ထားခဲ့မယ်၊
သွားကွယ်-သွားကွယ်၊

*　　*　　*　　*

## ဥပုသ်စောင့်

ဆွမ်းအုပ်နီနီ-အမေရွက်လို့၊
နက်ဖြန်မနက်- ကျောင်းထွက်မယ်၊
မောင်လဲလိုက်မယ်-ချန်မထားနဲ့၊
အမေသွားတော့ -ပျင်းလှတယ်၊
ကျောင်းကြီးပေါ်မှာ–မောင်ငယ်ခေါ့တော့၊
ဘုန်းကြီးအော့လို့–ရိုက်လိမ့်မယ်၊
မောင်မခေါ့ပေါင်-စိတ်ပုတီးနဲ့၊
ဘုန်းတော်ကြီးလို-နေပါ့မယ်၊
လိုက်မယ်–လိုက်မယ်၊

*　　*　　*　　*

## ခရုလုံး

နေမင်းညိုရင်–လယ်ကွက်ထဲက၊
အုတ်အုတ်သဲသဲ–ညံ့စာစာ၊
ကောက်စိုက်မတွေ–သူ့သံကြားတော့၊
"လာပေါ့သွားစို့"ဆိုကြရှာ၊
ကျောင်းလွှတ်ချိန်မှာ–ဒေါင်ဒင်တီးတဲ့၊
ခေါင်းလောင်းကြီးနှင့်–တူလှပါ၊
ဘာကောင်လဲကွယ်–သိရင်ပြောကြ၊
တောင်ယာတောက-သတ္တဝါ၊

ပန်းပေးတယ်ဆို-ပြောရအုံးမယ်၊
ခရုလုံးကွဲ-မောင်တို့ရာ၊
မှတ်ပါ-မှတ်ပါ၊

* * * *

(၁၂-ရာသီအတွက်။)

**ပိုးစုန်းကြူး**

ကြယ်မင်းသောကြာ-ပြောင်ပြောင်ထက်ထို့၊
ညချမ်းဘက်ကို-ရောက်တဲ့ခါ၊
မဲမဲညိုညို-ဟိုချုံဖုတ်က၊
မှိတ်တုတ်မှိတ်တုတ်-တောက်ကြရှာ၊
ဆိုကြားပြည်မှာ-ကြယ်တွေပျင်းလို့၊
တို့ရွာတွင်းကို-ပျံဆင်းလာ၊
ပိုးစုန်းမြူကို-ဒါမြင်သားနဲ့၊
ထာမဝါးနဲ့-မောင်တို့ရာ၊
စုန်းပါ-စုန်းပါ။

* * * *

**သဘက်ဆေး**

နွားရိုင်းသွင်းချိန်-ပြင်မထွက်နဲ့၊
ဖုတ်သဘက်တွေ-လိုက်တတ်တယ်၊
ဖုတ်သဘက်တွေ-ကြောက်တဲ့ဆေးကို၊
ဘုန်းကြီးပေးလို့-ရှိပါတယ်။
သူငယ်ချင်းရယ်-သဘက်ဆေးကို၊
ကွဲရုပ်လေးနဲ့-လဲပါကွယ်၊
ဗုဒ္ဓံ-ဓမ္မံ-သံဃံ ရွတ်ကွဲ၊
သရဲဥတ္တတ်လို့-ပြေးလိမ့်မယ်၊
ရွတ်ကွယ်-ရွတ်ကွယ်၊

တက္ကသိုလ်ကျောင်းတိုက်နှစ်လည်မဂ္ဂဇင်း၊ ၁၂၉၃-ခု၊ တပေါင်းလ၊

# ၅—ရွှေတော်ပြေး

ညောင်ရွက်လေချို၊ မြရွက်စိနှင့်
ရာသီနွှေဦး၊ မင်းလွင်မြူးက
ရင့်ကျူးသံချို၊ ဥဩပျိုလည်း
မြိုင်ညိုခွါကွင်း၊ လူ့ရပ်ချဉ်း၍
ဇေးချင်းဆဲဆန်၊ သစ်သစ်ဖန်လျက်
လည်ပြန်တနှစ်၊ ဆန်းမည်ခေတ်ဝယ်
မြူညစ်မတင်၊ ဘယာစင်၍
ကြည့်ရွှင်စေသောဝ်၊ ရည်ရွယ်ပြောသို့
ဥဩ ဥဩ၊ မြိုင်သံနှောလျက်
သံအောတလှဲ၊ သံလေးတွဲ့နှင့်
ပြို့ပြို့တလီ၊ သဲ့သဲ့သီသော်
သိင်္ဂီရောင်စွေး၊ မယ့်ရင်သွေးသည်
ဆွေဝေးရပ်ခြား၊ ဆရာ့ပါးမှ
မနားမဖင်၊ ပြန်ကြောင်းထင်သည်
မယ့်ရင် ဆင်သင့် ပြင်နှင့်ပြီ။ ။

တက္ကသိုလ်ကျောင်းတိုက်နှစ်လည်မဂ္ဂဇင်း ၁၂၉၃-ခု၊ တပေါင်းလ။

# ၆—မေတ္တာ

မွှေးမေ မွှေးမေ၊ ရူပါလေလော့
ဖြာဝေ မြနန်း၊ ရွှင်ပျံလန်းသည်
ဇင်ပန်းခိုင်နှဲ့-ကြူကြူသင်း။ ။

ရူလေ ရူလေ၊ ချစ်ကြိုးခွေသည်
မသွေလိုဘူး၊ ပန်းမျှော့မှူးကို
ကျွန်ရူးချင်တော့-ဖြူဖြူဝင်း။

ရှိစေ ရှိစေ၊ ကျွန်စိတ်ဖြေအံ့

ရဝေနန်းမ၊ တော်ကောက်ကလျှင်
နှောင်းမြချမ်းကြည်၊ စံရမည့်ကို
မြင်သည့်ထိုကြောင့်–ပြုံးရှုကာင်း၊ ။

တက္ကသိုလ်ကျောင်းတိုက်နှစ်လည်မဂ္ဂဇင်း ၁၂၉၃-ခု၊ တပေါင်းလ၊

# ၇–ကိုယ်စား

လွမ်းငွေ့ဝေသည့်
နွေရာသီတွင်း၊ ချစ်ဘော်ချင်းနှင့်
ကွေကွင်းခဲ့ရ–လျှင်သောကြောင့်၊ ။

တမ်း၍ဖွေသည့်
ငွေလွှာဖြူဆွ၊ လက်ရေးလှကို
စွန်းစတွေ့လို–ချင်သောကြောင့်၊ ။

ချမ်းမြေ့ပြေသည့်
ဖြေဘွယ်မဆုံး၊ စာတလုံးကို
ချိုပြုံးကိုယ်စား–မြင်သောကြောင့်၊ ။

ဂန္ထလောက ၁၂၉၃-ခု၊တန်ခူးလ၊

# ၈–နှစ်ဇာတ်–တစိတ်

သောက်ရောင်ခြည်ကျော်၊ နေဝန်းပေါ်က
ကမ်းမော်အထွတ်၊ စေတီမြတ်ဝယ်
ဆွမ်းကပ် ပန်းတင်၊ သွန်းရေစင်နှင့်
မဂ္ဂင်ပေါင်မင်း၊ ပွဲဖန်ဆင်းတို့
စိတ်ချင်းခင်နှင့်–မောင်အတူ၊ ။

ရောင်စုံတိမ်သွေး၊ ညနေဆေးက
ဒီးလေးသံချို၊ သာယာ ဆိုလျက်

နွယ်ညိုပန်းလျှင်၊ ဝေဝေဆင်၍
မြစ်ပြင်ဂယက်၊ နေခြည်လက်ဝယ်
ရွှတက်မြိုင်မြိုင်၊ ငွေရွက်ဖြိုင်နှင့်
လှိုင်လှိုင်ပျော်ခင်း၊ ရွှင်ရွှင်ကျင်းတို့
စိတ်ချင်း ခင်နှင့်—မောင်ဇာတျူ၊ ။

သို့တမူသည်း၊ နွဲ့လျကြည်းကား
ဖြင့်ပည်းရွှေဘော်၊ ပြာသာဒ်ပျော်တည့်
မောင့်သော်မှာကား၊ တင်းကုပ်ကြားဝယ်
ပျော်ပါး အလျှင်း၊ မရှိကင်းသည်
ဓာတ်ချင်း ခင်နှင့်-မောင်မတျူ၊ ။

ဂန္ထလောက ၁၂၉၄-ခု၊ ကဆုန်လ။

# ၉—ခွင့်မသာ

မကြြင်သာသည်၊ ခင်ပါလျက်လည်း
ပင်ထက်လျှံဝင်း၊ ဇင်ငွေမင်းသို့
ကြူသင်း ဝေသီ-မြင့်သောကြောင့်၊ ။

မတမ်းသာသည်၊ လွမ်းပါလျက်လည်း
မိုးထက်ရောင်ဖုံး၊ လတန္လုန်းသို့
ချူပြုံးဝေသီ-မြင့်သောကြောင့်၊ ။

မခေါ်သာသည်၊ မြော်ပါလျက်လည်း
တောင်ထက်ငွေသွေး၊ နှင်းဖြူဖွေးသို့
ကြည်အေးဝေသီ-မြင့်သောကြောင့်၊ ။

တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်း၊ ၁၂၉၄-ခု၊ တော်သလင်းလ၊

## ၁၀–စာဆိုကံ

တေးသံလွင်လွင်၊ နှုတ်ပဥ္စင်ကို
ထက်ခွင်မိုးမှ၊ သင်ကြူကလျှင်
ရှင်မကြွင်ရာ၊ သင့်သည်းချာသည့်
ကျစ်စာသောသော၊ ရိုးပြတ်တောမှ
သဘောနှစ်မြှိုက်၊ ထောင်နားစိုက်သည့်
ဇိမ်တိုက် မိုးခေါ်ပါတကား။ ။

တကျော်ကျော်လျှင်၊ နွားကိုနှင်၍
မြေပြင်ကျယ်ဝင်း၊ ကောက်တလင်းမှ
ယာချင်းလယ်ဘွဲ့၊ သီဆိုနွဲ့သော်
နှင်းတွဲမြူဝဲ၊ သက်ငယ်တဲ၌
ချစ်ခဲအိမ်သူ၊ သင့်သည်းအူကား
ကြည်ဖြူလန်းရွှင်၊ ထောင်နားဆင်သည့်
လယ်ရှင် တောင်သူပါတကား။ ။

ပွဲ့နွဲ့ရွှင်ရွှင်၊ စာသဘင်၌
သက်ခင်ပြတ်မျှ၊ တေးချိုလှကို
ဆိုရသိရ၊ ကြူဓေးရလည်း
ဘယ်ကချစ်သော်၊ တသော်မော်မျှ
နားတော်စွဲစွဲ၊ မထောင်ပဲသည့်
ကံပွဲ စာဆိုပါတကား။ ။

တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်း၊ ၁၂၉၄–ခု၊ တော်သလင်းလ၊

## ၁၁–တယောရှင်

တအိမ်ဝင် တအိမ်ထွက်
တရက် တနေ့ကုန်တော့
တမြို့မှာ တခါထောက်ပါထို့

တယောက် ဆွေမခေါ်ဘု
တကြော်ကြော် ဘော်တယောရယ်နှင့်
တောလေတဲ့ ထံဘျာရှင်၊
သင့်ဘဝ
ခဏာ အကျွန်ယူထို့
တကြူကြူ ကြူသီချင်းတွေနှင့်
သံညွှင်း သံသာ နွယ်ထို့
မြန်မာနယ် ပြည်တရိုးမှာ
ဖိုးသို့ မွေ့ချင်၊

ငွေအရှက် သောက်ရောင်ဆုံးမှာလ
ချိုပြုံး ရွှင်လိုင်စံတဲ့
ပင်တိုင်ယံ မှန်ပြူဝဆီသို့
ကံမကာ တခါဆိုက်ရင်တော့
ငယ်ကြိုက်ကယ် မောင့်ဘုလွမ်းတာဖြင့်
ကွမ်းတယာ ရေတမှတ်ကိုလှ
မြန်ထုတ်ထို့ ပေးစေချင်
ကြည့်ရွှင်ဘို့ ပန်တောင်း၊

သူ့ဖုန်းစား
သွားပါသေ မယ်မပေးနိုင်ဘု
သင့်တေး ပဥ္စင်က
တော်မဝင် တော့သံနှောက်တယ်ထို့
ဖော်ငေါက်ကာ သူ့နှင်ပစ်လေက
စာဆိုမောင် ခဣာသစ်ရယ်နှင့်
တဖြစ်ကို မကြာကူးပါလိမ့်
ကြွင်ဦးပျို့ သပြိုဟ်ရစ်ပေတော့
ဘုန်းချစ် အသောင်း။ ။

ဂန္ထလောက ၁၂၉၅-ခု၊ တန်းခူး-ကဆုန်လ၊

# ၁၂–ပင်လယ်ငွေ

သခင်သခင်၊ ရွှေနားဆင်လော့
ချစ်ကြင်ဦးမှန်၊ ကျွန်ုပ်ကျွန်သည့်
မြတ်မွန်ကြည်မွမ်း၊ သခင့်ဝမ်းကို
မိုးဆဝမ်းပန်းသွင်၊ လန်းလန်းရှင်ဘို့
စိတ်တွင်အမြဲ၊ ကြိုးမည်ခဲလည်း
ကွေ့ကွဲဘို့ရန်၊ ကြမ္မာဘန်၍
အကျွန်ကျွန်ုပ်၊ အကြံရုပ်လျက်
လှိုင်းထုပ် ဒီနွော၊ ပင်လယ်ကြောတွင်
လွင့်မျောလိုရော၊ မျောရပါအောင်
ကြည်သာခွင့်ရေး–သခင်ပေး၊ ။

သခင်သခင်၊ ရွှေနားဆင်လော့
မြစ်ပင်လယ်တွင်း၊ ထယောက်ချင်းလျှင်
လေပြင်းမုန်တိုင်း၊ ဂယက်လှိုင်းနှင့်
ပြိုင်းပြိုင်းညှိုညှို၊ ကျွန်းထိုထိုတို့
သိဆိုရင့်ကျူး၊ တေးတျာထူးကို
ပေဖူးနွဲ့လွှာ၊ ကျွန့်သည်းချာငယ်
ကောင်းစွာရေးမှတ်၊ ပြုပြီးလတ်မှ
ရေနတ်ဒေဝီ၊ သားရင်မှီအား
ညရီသာယာ၊ ချိန်ဆည်းဆာ၌
ပြောကာဖျော်တတ်၊ ပုံတိုပါ၌ကို
ရေးမှတ်ထိုငှါ၊ ပန်ကြားပါသည်
ကြည်သာခွင့်ရေး–သခင်ပေး၊ ။

သခင်သခင်၊ ရွှေနားဆင်လော့
သို့ပင်တစေ၊ ပင်လယ်ငွေ၌
လှိုင်းလေဆောင်ရာ၊ တသောင်ခွါလျက်

သည်မှာထကျွန်း၊ ဟိုတကျွန်းနှင့်
ကူးသန်းသွားလာ၊ ဆည်းပူးရာဝယ်
တေးတျာ ယဉ်နူ၊ ပုံဝတ္ထုတို့
တောင်ထုမြောက်မြား၊ ကာလလျှား၍
ဆံကြား သွားကြွေ၊ ဒိုမင်းလေမှ
ရပ်မြေပြန်ဝင်၊ ကျွန့်သခင်ကို
ကြည့်ရှုစေသော၊ ဘိဆိုပြောဆုံ
ထိုရောအခါ၊ သခင့်မှာလျှင်
ကြင်ရာဘသီး၊ ရှိလေပြီးမူ
သမီး သားမြေး၊ သခင့်သွေးအား
ကျွန့်တေးဝတ္ထု၊ အရုပ်ဖြင့်
ရှုမှုပျော်ရာ၊ ပြုလိုပါသည်
ကြည်သာခွင့်ရေး–သခင်ပေး၊ ။

ဂန္ထလောက ၁၂၉၅–ခု၊ ကဆုန်လ။

# ၁၃–ဆွချီးဖြူ

အကိုရယ် ကျွန်တော်ပျင်းပါဘိ
သီချင်း ကြူကြူသီလို့
ချစ်ညီကို ပျော်တော်ဆက်ပါတဲ့
မှာချက် နားဝင်ချိုလှ
စာဆိုမောင် ဟုတ်ကဲ့ဗျား သာပ
ထားခဲ့မိ ဂတိတန်။

သီမည် ပြုပြန်တော့
ပုလဲ ငယ်ရွယ်က
ဘနွေးထယ် သူ့လယ်ထဲမှာပေါ့
ဘိုင့်အကွယ် ချိုင့်ငယ်နဲ့ဆွဲပါတဲ့
ဘော်ကဲ့သူ ချီးဖြူကလေးကိုလှ

မေးတော့ခါ ပြန်စကားကို
ကြားမိ ဖန်ဖန်၊
ချီးမြှုရယ် မကျူတိတ်တော့မလား
တခဏ အသင်မြည်တော့
စိတ်အကြည် ကျွန်နှလုံးမှာလှ
ရွှင်ပြုံး ချိုသာထို
ညှို့စရာ ဘာမတွေ့သေဘု
မြိုင်လေ့ အစဉ်တမ်းရယ်နဲ့
ကူစမ်းဗျ ရွှေချီးမွန်
ကျွန်ပန်တော့ သူပြော၊
ခိုင်းပါနဲ့ မောင်
ငယ်ခိုက် ဟိုယခေါင်က
ရှိမြောင်မှာ အတူတွဲပါလို့
ချစ်ခဲ့ ဆွေကြင်ဘော်နဲ့
တကြော်ကြော် ကူမဆုံးပါဘု
မောင်မြူးလျှင် မယ်ရွှင်တဲ့
တိတ်ယခင် မြင်ယောင်လှသော်ကြောင့်
တေးဆိုလျှင် ဆွေးပို့ရပါဘိ
တမ်းတ စိတ်စော။ ။

ဂန္ထလောက ၁၂၉၅–ခု၊ ကဆုန်လ။

## ၁၄–အမယ့်ကိုယ်စား

အဖျား သွေးကြောင့်
မွေးမျှမပျော်၊ စက်ခွင်ပေါ်၌
"အော် အော် မိခင်၊ အော် ဖခင်"နှင့်
ဖူးချင်သောသိုက် တ-ခိုကြိုက်ဝယ်
မျည်းငိုက်တခဏ–မှိတ်မိ၏။ ။

ကြက်ဦးဆော်၍
ပေါ် အရုဏ်ရိပ်၊ မွေးတမြိတ်ဝယ်
ကျွန်ုပ်စိတ်ပြားဝေ၊ ကျွန်ုပ်မွေးမေလျှင်
ပြေ့ရွှေနွမ်းလျ၊ သားမောင်လှ၏
ဆံစမှုးပြင်၊ စမ်းလှာအင်ကို
ကယ်ပင်လိုလို၊ အိပ်မက်လို့နှင့်
တကိုယ်တည်းလျှင်—မြင်မိ၏။ ။

ထိုယာနံ့သို့
ညှံ့နုစမ်းလှာ၊ မွေးမာတာကြောင့်
ကြည်သာ ရွှင်ပျ၊ နိုးလေကလျှင်
မိုးလဘိမ်ဦး၊ တေးတျာကြူးလျက်
ကျွန်ုပ်ဖူးထက်မှာ—သာဘိ၏။ ။

ဂန္ထလောက ၁၂၉၅-ခု၊ သီတင်းကျွတ်လ၊

# ၁၅—စက်တော်ရင်းဝယ်

ချာလည်ချာလည်၊ ရွှေကြေးစည်လည်း
သာကြည်ချိုအေး၊ နိဗ္ဗာန်တေးကို
ကြော်ကြွေးရာမှ—ဆိတ်ခဲ့ပြီ၊ ။

ထွန်းတောက်ကြည်လင်၊ ဆီမီးရှင်လည်း
စက်ခွင်ဝပ်လျှိုး၊ မာန်ထွက်ချိုးလျက်
ရှိုးရှိုးဦးနှိမ်—မှိတ်ခဲ့ပြီ၊ ။

ထုံတကြူကြူ၊ တလူလူလျှင်
နံ့ဗျူချမ်းကြည်၊ ဘေးမဲ့ပြည်ကို
ရှာမည်အကဲ၊ အားအန်ခဲလျက်
မိုးထဲတိမ်ဆီ၊ တပ်ဦးချီသည့်
ပြာရီလျှံဖြိုး၊ နံ့သာခိုးကား

မွေးမျိုးရဆိုင်၊ အမွေးတိုင်မှ
ကြိုင်လှိုင်မဆုံး၊ ကြိုင်လှိုင်တုန်းတည့်
တပြုံး ရွှင်ရွှင်၊ ကျွန့်ဝမ်းတွင်လည်း
"ဝဲခွင်ဖြတ်ကျော်၊ ခရီးဘော်နှင့်
တူပျော်ပြုံးချို၊ နီးရလို"ဟု
ဆုကိုဖန်ဖန်၊ တောင်းမိဟန်ကား
ထက်ယံကိုတိုး၊ နှံ့သာမျိုးသို့
ဖိုးခိုးမဆုံး၊ ရိုးမဆုံးသည်
တွက်ကျုံးမနိုင်–စိပ်ခဲ့ပြီ၊ ။

ဂန္ထလောက ၁၂၉၅–ခု၊တန်ဆောင်မုန်းလ၊

## ၁၆—ဗျောသံ

ပလုပ် ဖြုန်းရယ်နဲ့
တောင်ကုန်းရွာ သာစခန်းဆီက
ဒေါ်ရွှေမေ ဦးရေချမ်းငယ်တို့
သာသနာ ဝါဝါလန်းရန်တဲ့
ဆန်းလိုက်တဲ့ ဗျောသံစည်၊
—အလို၊ နေခြည်မှာ၊ ရွှေရည်ဝင်းလို
ဆယ်စင်းလဲမက
အဝေးကမှန်း၊ ဟိုရွာလမ်း
ထီးတန်းကြီး လှပါဘိ—
"တလတာ သည့်အရေးကိုလှ
မဟာဝါ ကြည်ကြည်ပေးပါ"တဲ့
ရတုချို စိတ်ကိုသွေးလေတော့
မလေးမောင် ရွှေရောင်ပိုက်တဲ့ပြင်
မြင်းကကော်ပင် ငြင်းဆန်မိုက်လေပေါ့
လွှမ်းခိုက် မတည်၊

—မကြည်**တဲ့**နှလုံး၊ မပြုံး**တဲ့**မျက်နှာ
မြင်းပေါ်က မောင်ရင်လောင်း
ငဲ့စောင်းထို့ ကြည့်သောခါ—
ကညာလုံ ကြာမုံညွတ်ဟာဖြင့်
ယမ်းယောင်ကာ ကွမ်းတောင်လွတ်**တဲ့**ပြင်
"မတွယ်တာ ဆယ်ခါလွတ်မယ်"**တဲ့**
**ဒေါချူချူ ပြောဆိုရွတ်လေပေါ့**
ပိုစွတ်တဲ့ မြမျက်ရည်
လည်တယ်လို့ မဆုံး၊
—ဖြူနန်းနိုင်ငံပေ့ ကိုရွှေစည်
တိဘိနိုင်ငံပေ့ ကိုရွှေနှဲ
ရွှဲနိုင်ငံပေ့ ကိုချွဲမောင်
လုံမငယ် **အရှက်ဒိုးမို့**
အပြုံးနဲ့ **ပြောင်ရော့ထင့်**—
"ချောင်ချက် ကယ်နာ
မောင်မျက်နှာ တရွာမှတ်ပေမဲ့
သာသနာ ဝါဝါဝတ်မှာမို့
မယ်လွတ်ရာ ဘာသ်ဆီခိုရပ
တလသဆို **ရက်ကိုချဉ်းပါဖျ**"
ဘွာခတ်ကာ ခမျာငြင်းလေတော့
ရောင်ကြီးရှင် ဆံပင်တင်းပြီကွဲ
**ညှင်းတဲ့** တုတ်ဖြုန်း၊   ၊

ဂန္ထလောက ၁၂၉၆-ခု၊ကဆုန်လ၊

## ၁၇–တွယ်ရာမဲ့

မထန်သာသည်
သူ့မှာ ကျွန့်တွက်၊ ဆံတခွက်မျှ
ချစ်သက်ချစ်ငွေ–မကျန်၍။ ။

မပန်သာသည်
သူ့မှာ ကျွန့်တွက်၊ မြူတစက်မျှ
ကြင်သက်ကြင်ငွေ–မကျန်၍၊ ၊

မြကန်သာစည်
ဒုမ္ဗာကြာတော၊ ပွင့်မှသျှောသည့်
ဟိုမျှောသည်တင်၊ ကြာချပ်သွင်သို့
ရှစ်ခွင်ရှစ်ဖက်၊ ခရီးထွက်သည်
တွယ်သက်တွယ်ငွေ–မကျန်၍၊

ဂန္တလောက ၁၂၉၆–ခု၊ ကဆုန်လ၊

## ၁၈–တရားဦးဟောလဲ့ပါ

''ကာမဘောင် ရှုပ်အထွေးကိုလှ
ပျိုလေး မယ်မခင်ထွို
ရှန်းချင်ပြီ'' ဆုပန်ကြွားသူ၏
တားမြစ်မှု ခွင့်မသာ၊
နှစ်ကိုယ်တွဲကာပ
ဒွိဝ သံသရာက
သောင်ခေမာ ဟိုတဖက်ဆီသို့
ပေါင်မကွင် ဆင်ကာကူးမယ်ထွို
ဆုထူးကို ပန်ညီသော်လဲ့
ပါရမီ မောင်မရင့်သော်ကြောင့်

သွားနှင့် သက်လျှာ၊
ဇာတ်မတူ အမူကြမ်းသူဖြင့်
သောင်ကမ်း မခြင်နိုင်ထို
တပင်တိုင် နာဝါပျက်လိုပ
ဘုံသရော သည့်ဂယက်မှာလှ
ရန်တခါ ဆန်တချက်ကယ်နဲ့
မျှောလျှက်ကွဲ ယောင်ချာချာ
တွယ်ရာဖြင့် ရှိနိုင်ဘူး၊
သို့အကြောင်း ရယ်ကြောင့်
ချစ်ဟောင်း နွယ်သာကိ်ရဲ့
ပါရမီ ပြည့်လျှံဖြိုးကာပ
တန်ခိုးတွေ တလူလူနဲ့
ဘိကျွန်ုပ် ထေရီဖြစ်တော့ခါ
မောင်ချစ်ကို မယ်သနားတာဖြင့်
တရားမွှန် မှန်သဘောကို
ဟောလှဲ့ အဦး၊ ၊

ဂန္ထလောက ၁၂၉၆-ခု၊ ဒုတိယဝါဆိုလ၊

---

## အခန်း—၅

ရေးသူ—မောင်တိုးအောင်

## ၁—မြိုင်ရဂုံ

မြိုင်စခန်းမှာတော့၊
ခိုင်ပန်းကဝေဆာ၊
နေခင်းကသာသာသည်၊
ရွှေယာင်းမာဟိုပင်ထက်ဆီက၊
ဆက်ရက်ကယ်မောင်နှံတို့

မြည်သံရယ် မာကထာနှင့်၊
သာရကာ ကြွေးကြော်ကြတယ်လေး။ ။

ဘွေဂန္ဓမာ၊
စကားဝါပင်မင်း၊
ဝတ်မှုံကျင်း၍၊
သင်းရနံ့ပို၊
ဥဒေါင်းညိုလဲ၊
မိုသံရင့်ကြွေး၊
ဟိန်ဓာလေးတည့်၊
တျာတေးနွဲ့နွဲ့၊
လေးတွဲ့တွဲ့နှင့်၊
ဆွေးဘွဲ့သောင်းသောင်း၊
ကျေးငှက်ပေါင်းလည်း၊
နတ်စောင်းပမာ၊
သေလာဦးမှာ၊
ရင့်ကျူးရှာကြ၊
ပေါမဝါ ထိုထို၊
နေမင်းငယ်ညိုသောအခါ၊
ဗိမ်းစိုတဲ့ရာသီမှာ၊
ပြာရီရီရောင်စုံဆန်းတွေနှင့်၊
ပြွမ်းလှတယ်လေး။ ။

တက္ကသိုလ်ကျောင်းတိုက်နှစ်လည်မဂ္ဂဇင်း၊ ၁၂၉၁-ခု၊ တပေါင်းလ။

## ၂-ပရိယေသန

ဝသန်တွင်းပေမို့၊
လယ်ကွင်းကရေသန်၊
ရိုးပေါက်ကာယ်ထန်သည်၊

မြရောင်လျှံပျှိုးကိုပိုက်ပါထို့၊
ကောက်ဗိုက်သင်းမဟာဝါ၊
သီချင်းတွေညှံ့စာစာနှင့်၊
ပျော်ရှာကြတယ်လေး။ ၊

ဆင်ဝတ်ရတ်ချာ၊
ဘံဖျာကိုင်ပေါက်၊
နွားပြာနောက်ကယ်နှင့်၊
မိုးပေါက်ကယ်ထဲထူ၊
ဒိလက္ခူလဲ၊
တောင်သူဘာဝ၊
ထွန်ရေးချ၏၊
ချောင်းစငယ်ရိုးပြင်၊
သို့ရာတွင်မူ၊
ညွှန့်ရှင်သွယ်သွန်း၊
ကန်စွန်းပိန်းကြာ၊
လေအာသိန်းတွင်၊
က, ယိမ်းမှာကြ၊
အာကာသဝေဟင်၊
တိမ်မည်းငယ်းဆင်သောခါ၊
ကွင်းပြင်ကကန်သာမှာ၊
ကိုတံငါ ရွှင်ပြုံးထို့၊
မြူးချတယ်လေး။ ၊

တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်း။ ၁၂၉၃-ခု၊ တော်သလင်းလ၊

## ၃—မာကြပါစေ

သကြိန်တာခွေရတုပေမို့၊
ဝင်းဖန်ဝါငွေခရုရယ်နှင့်၊
ဇေယျတုအောင်သံသာ၊ ၊

နှစ်အပြောင်းပေမို့၊
ချစ်ပေါင်းနှော်ဆွေသဟာတို့မှာ၊
အဝေရာပွေဗျာ (ပ)တဲ့ပြင်၊
ကွေ့ဘယာရေကြာ(ခ)သည့်နှယ်၊
အေးမြဝေဆာ၊ ။

တထောင့်နှစ်ရာကိုးဆယ်ငါးတွင်မှ၊
မမှောင့်အနာမျိုးနွယ်များတို့မှာ၊
ဖြိုးကြွယ်ပွါး၍ ချမ်းကြည်စွာ၊
စမ်းသီတာသို့ပုံမယွင်း။ ။

နှစ်ကူးချိန်၊
ရှိဦးခါခါနှိမ်၍၊
ဂါမေ"သိမ်"မြွေမော်ထူးဆီကာ၊
ဘဂဝါဇိနိန်ရွှေတော်ဦးမှာလ၊
ပင်သပြေပန်းညှိုဖူးနှင့်ရယ်၊
ကြူးဆုပန့်ညွှင်း၊ ။

တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်း၊ ၁၂၉၄-ခု၊ တပေါင်းလ။

## ၄-ခါဝသန်

ခါဝသန် ပျိုးခါစဟာမို့၊
ဝဋ္ဋာယံမှာလေ ခိုးပြာတွေကြွပြန်တော့၊
ဖြိုးရွာကျမလိုပ မှိုင်းရီငွှောင်၊ ။

ပဇ္ဇုန့်မင်း၊
မာန်တင်းကာ သူ့သုန်မှုန်ရေဘော့ထင့်၊
မြေဝသုံ ရေကုန်လွှမ်းမည်သို့၊
ရွှေအမှုံ—လေရုံဖျန်းတယ်ဗျာ၊
လွှမ်းမိ စိတ်ယောင်၊ ။

ကာသစ်နန်းရှင်ရပ်မတည် ညည်းစေရော့သလား၊
ရှစ်ကြဌန်းခွင်မှာလေ နတ်စည်တွေတီးပါဘိ၊
လျှပ်ခြည်မိုးတွေက ပြိုးပြိုးပြောင်၊
တမိုးလုံးလောင်မလိုပ ကြောက်ဘွယ်ဘနန်း၊ ။

ယာင်းသည့် ကြိုက်တွင်၊
ကွင်းပြည့်အောင် ကိုယာရှင်တို့၊
ထွန်တံငင် နွားနှင်ရသော်လဲ၊
မချိပလေ ပရိယေသနပေမို့၊
အရေးမထှာ ချေးတကျကျပေမင့်၊
တေး(စ)ကာ ငန်းတာပြုရတယ်ကွယ်၊
(အမယ်မင်း)မရှုမလှပါတဲ့—လူ့ဘဝဉာဏ်စခန်း၊ ။

တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်း ၁၂၉၄-ခု၊တပို့တွဲလ၊

## ၆=ကျွန်ုပ်ဌာနေ

မိန်ရာသီ ခါတပေါင်းပေမို့၊
ချိန်ခါမှီ ဝနာအစောင်းမှာတော့၊
မသာစတောင်း ရယ်တဲ့မှလွန်သာယာ၊ ။

ရွှေအင် ကြင်းငယ်ဘို့၊
မြိုင်တွင်းမှာ တဂုဏ်ဆင်လို့၊
ဝံ့တခွင်မှာလေ မှုံလွှင်ဖြန်းချိန်မို့၊
ကျွန့်ဂါမေ ချက်ကြွေကွန်းကို၊
လွမ်းမိ စိတ်မှာ။ ။

ညွှင်းပြည်ပြည် လေသွန်၍ပေါက်ပြန်တော့၊
သင်းကြည်ကြည် ပေါဝန်ကွေ့တချောက်မှာဖြင့်၊
သင်းထုံလှောက်ပါလို့ မွှေးရနံ့ဖြာ၊
တေးသံသာပေတဲ့ ကိုကြက်တော။ ။

ရံကြောငယ်တခို မှာလေလေ့–ရံကြောငယ်ခို၊
ဥဩခြနေ၍ မောင်မယ်ပျိုတို့၊
မိန်းပိုပို ဝါးရုံနန်းဆီက၊
လူ့တဖုံ တေးပုံဆန်းတယ်ဗျာ၊
(အမယ်မင်း)နှန်းစရာ့ တောင်တောက်ကိုတဲ့မှ၊
(အိုကွယ်) တမ်းတ ယောင်မော၊ ။

တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်း ၁၂၉၄-ခု၊ တပေါင်းလ။

## ၆–ခါ ဟေမန်

ကွင်းတလျှောက်မှာလွင်လွင် မြက်ငိုကစိမ်းပါဘိသနှဲ့၊
နှင်းသောက်ကာ ရွှင်ရွှင် မြူဖြင့်လိမ်းရော့သလား၊
သမယာအလိုက်ကိန်း ကြုံတဲ့ဟေမန်ခါ၊ ။

ညွှာငုံအဖူးတွေနဲ့ကွယ်တို့–ညွှာငုံအဖူးတွေနဲ့၊
ဝနာရဂုံအကူးမှာနေ၍ဗျာ ဂေါ်ရွှေဇင်နှင့်၊
ဂရုံးအင်သန့်စင်ဦး တို့မှာလေ။
နန်းခွင်ကိုလှမ်းချင် ထူးသော်ကြောင့်၊
မြူးကွန့်ဝေဆာ၊ ။

လေညှင်းချိုချို ဖျန်းသုန်မြူးလျှင်လာ၊
ပွေခင်းဘိုကရို စန်းလုံဦးမှာဖြင့်၊
လွမ်းတုန်ကြူးပါ၍ ပွေခေါင်ဖြာ၊
ရွှေစောင်သွာထို ဘယ်ခါမနွေး၊
(ကိုသန်းစင်ရေ)နေလောင်ကြာသို့ ကယ်ပမာတွေး၊

လင်းကြက်ကယ်ညံ့စီလေလေ့ လင်းကြက်ကယ်ညံ့စီ၊
နှင်းပက်ကာဝေလျှို ချိတော့ကာမှ၊
ဟေမန်အညီ ချမ်းတုံအေးသော်ကြောင့်၊
ပိုက်တွေးသူ အလာပင့်တယ်ထို့၊

စက်ဘောင်ကိုလေ ဖြွက်ခေါ်နှင့်ရေ့သလား၊
တွေးချင့် မအေး၊ ။

တက္ကသိုလ်ကျောင်းတိုက်နှစ်လည်မဂ္ဂဇင်း ၁၂၉၅-ခု၊ တခေါင်းလ၊

## ၇—ရိုးနှင့်မေ

ချစ်ထားကိုစာဆို၍ မပြလိုက်ချင်ဘု၊
မေတ္တာအလိုညာပျို နှမမှာဖြင့်၊
ဘဇာကိုမှ ပိုးနှင့်ကွယ်၊ ။

ဒွေမြင်းမိုရ်ကွဲစေတော့ခင်ရဲ့—ဒွေမြင်းမိုရ်ကွဲစေတော့၊
ရှောင်လွှဲကာ သွေမဖီလျက်သာပ၊
နေပထဝီစန်းအိမ် ပျက်သော်လဲ၊
ဘောအတည်ကျမ်းကျိန် ရွက်ပါ့မယ်၊
ညက်အလှ ယုံဘွယ်၊ ။

ကြောင်းဘဝင် အပူမပွါးပါရစေနဲ့ခင်ရဲ့၊
သောင်းအခွင် ဇမ္ဗူတလွှားမှာဖြင့်၊
အသူအားမှ မေတ္တာမတွယ်၊
သစ္စာပြယ်မယ်လို့ ပိတ်မှာမခဲ၊
(မောင်ကလေ)ရှစ်ကမ္ဘာကွယ်တောင်မှ နိပ်ကညာ
ကိုမြဲ၊ ။

ကျူးရင့်ဖြွက်ချီလေလေ့၊ ကျူးရင့်ဖြွက်ချီ၊
ရွာဦး ဒွေစေတီ၌၊
နှစ်ဖြာပုံညီ မောင်မယ်နီးခါမှ၊
ဆုကြီးနေ့ဘ်ဗျာ တူတူပန်ထို့၊
မြတ်နိဗ္ဗာန် ရပ်မွန်ထူးကိုကွယ်၊
ကူးမိုပုံတွဲ၊ ။

တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်း၊ ၁၂၉၅—ခု၊ တော်သလင်းလ၊

## ဂ–မိုးရာသီ

(၁) မိုးလရာသီ–မိုးရာသီ၊
နဒီကမ်းနှု လွှမ်းတွေရ၍၊
ငွေဥပုလဲ ရှုမရဲအောင်၊
ဝမ်းဘဲဟင်းသာ ချစ်တင်းပြောလျက်၊
ဇွဲကြာသောင်းသောင်း ရနံ့လှောင်းသော်၊
ပျံ့ပေါင်းမွှေးကြိုင် ရဂုံမြိုင်ဝယ်၊
ပွင့်ခိုင်လန်းဆင့် ပန်းရုံဝင့်သည်၊
တင့်တောင့်တင့်ဘိ–မိုးရာသီ။ ။
(၂) ဖြိုးကျရွာစိ–ဖြိုးရွာစိ၊
မှုံရီမှိုင်းဝေ အာကာငွေ့ဝယ်၊
လေဝေရဿ သူစွမ်းပြထင့်၊
သဟာသာခြည် နေနတ်သည်လည်း၊
ရောင်စည်မပြို့ တန်ခိုးမဲ့သော်၊
တကယ့်ပဇ္ဇုန် သူသန်မှုန်၍၊
ရိုက်တုန်ထစ်ကြိုး ရွာသွန်းဖြိုးသည်၊
ဖြိုးတောင်းဖြိုးဘိ–မိုးရာသီ။ ။
(၃) ညှိုးလျှရှာပြီ–ညှိုးရှာပြီ၊
ဆွေးသီညှိုးငွေ့ ကျွန့်သက်ဝေလည်း၊
နွမ်းခွေလုပ်လဲ့ ပူမိုးပွဲ၍၊
ကြင်မဲ့ဒုက္ခ တွေ့ပချေလိမ့်၊
မကွေ့သူ့ပါး ဖြေလိုပြားလည်း၊
တိုင်းခြားရပ်ဌာန် ခရီးလွန်ကြောင့်၊
သွားပြန်မရ လွမ်းလှိုင်ထ၍၊
ဟဒယကမ်း သောကလွှမ်းသည်၊
သွမ်းတောင်းသွမ်းဘိ–မိုးရာသီ။ ။

တက္ကသိုလ်သမဂ္ဂမဂ္ဂဇင်း၊ ၁၂၉၅–ခု၊ တပေါင်း၊ လ။

# ၉-ရွှေကြက်တူ

(၁) မြေသံကြူ-ရွှေကြက်တူ၊
နန်းမှူနွဲ့နွဲ့ တမ်းယူသဲ့သည်၊
ဆန်းကြယ့်ဂနိုင် သာမျိုးဆိုင်သား၊
မြင့်ခိုင်စိမ်းဖို ပညောင်ပျိုထက်၊
တေးဆိုထူးတင့် တျှာတြောဆင့်၍၊
လွှမ်းချင့်စဘွယ် ကြင်ရေးသွယ်သော်၊
လူ့နှယ်သူ့မူ-ရွှေကြက်တူ၊ ။

(၂) စိမ်းဖပ်ဖပ်လူ-ရွှေကြက်တူ၊
ဝေဠူရိယာ ကျောက်ညှို့မြသို့၊
ရူပနိကာယ် လွှန့်တင့်တယ်လျှင်၊
တပင်ပျံကူး ပျော်ရွှင်မြူး၍၊
ပွင့်ဖူးရုံထွေ သီးမှည့်ခြွေကာ၊
ဆွတ်လေစားသုံး ဤမြိုင်လုံး၌၊
မြကုံးတောင်ပန် ရိုက်ခေါ်ဟန်ကား၊
စောင်သံကြူကြူ-ရွှေကြက်တူ၊ ။

(၃) စိန်ခွဲဒါရူ-ရွှေကြက်ဘူ၊
ထွက်ပြူမုံရစ် ပွင့်ချပ်လှစ်သည်၊
နုတ်ချစ်သဇင် ဂမုံးအင်နှင့်၊
ကေရှင်ပျော်လို မြခွါညှိုပြင်၊
ထိုထိုရှုဘိ ပန်းရုံစိတ်၌၊
ရာသီခါလ နှစ်ရတုလိုက်၊
လှုလှုပျံ့သင်း၊ ပျော်ရေးခင်းသား၊
ကြိုင်သင်းဂန္ဓာ ဤဟေမာဝယ်၊
လူးလာရွှင်မြူး ကျေးမျှားဘုန်းဖြင့်၊

ကင့်ဆုံးသဘင်–ငှက်ပွဲရင်သည်၊
မွေ့အင်ဆန်းတူ–ဗွ္လကြက်တူ၊ ။

ဂန္ထလောက–၁၂၉၆–ခု၊ တပေါင်းလ၊

---

**အခန်း–၆**

ရေးသူ–မခင်စောမူ။

## ၁–ဓမ္မတာ

(၁) ကြင်ကြသေးသည်၊
ကျွေးလေးငယ်ရွယ်၊
အမိကွယ်က၊
ခုဝယ်တိုင်ကျ၊
မောင်နှမတို့၊
ယုယသာကြည်၊
ကြင်လေသည်တည့်၊ ။

(၂) ရွှင်ကြသေးသည်၊
ကြည်အေးသာလှ၊
မောင်နှမတို့၊
ဘယကင်းကွာ၊
စည်းစိမ်သာနှိုက်၊
မေတ္တာတည်ကြည်၊
ရွှင်လေသည်တည့်၊ ။

(၃) မြင်ရသေးသည်၊
မအေးဘွယ်မှု၊
တစိမ်းသူအား၊
ကြည်ဖြူစိတ်မှာ၊

နောင့်ကြခြင်လျှာဟု၊
မေတ္တာရစ်ခွေ၊
ချစ်ပါလေသော်၊
ဗျာဝေနွမ်းလျှ၊
ငယ်နှမအား၊
မချအမှန်၊
မေ့လျော့ကျန်မည်၊
မြင်လေသည်ဘည့်၊ ။

တက္ကသိုလ်ကျောင်းတိုက်နှစ်လည်မဂ္ဂဇင်း၊ ၁၂၉၄-ခု၊ တမို့တွဲလ၊

## ၂—ဖြေမပြေ

(၁) သာလည်းသာစွ၊
ထိုကာလသည်၊
မိဘမေတ္တာ၊
ချမ်းရိပ်သာနှိုက်၊
လွှန်စွာဖြိုးဖြိုး၊
လန်းဂုဏ်တိုးသည်၊
ပူမျှိုးမလာ—ကွာသောကြောင့်၊ ။

(၂) ပျော်လည်းပျော်စွ၊
ထိုကာလသည်၊
ထိန်းယာရွှေဘော်၊
နန်းပင်ပေါ်ဝယ်၊
ရွှင်ပျော်စံစား၊
သုခများသည်၊
ခံစားမကုန်—ပါသောကြောင့်၊ ။

(၃) ဖြေလည်းမပြေ
ယာခုနေမှု၊

ဘော်ရွှေထိန်းယ၊
မိန္နှင့်ဘဝတို့၊
ရွှင်ပျချိုသာ၊
ဝိုက်ဖျားလှာလည်း၊
မပါမယ့်စိတ်၊
ညစ်ကြောင်းပတ်သည်၊
သိုသိပ်မနိုင်–ဖြာသောကြောင့်၊ ။

တက္ကသိုလ်ကျောင်းတိုက်နှစ်လည်မဂ္ဂဇင်း ၁၂၉၄-ခု၊ တမှိုတွဲလ။

## ၃–အမိဋ္ဌာန်

(၁) နှမ်း၍ရွှေရွှေ၊
ကြာညောင်ဖွေ့ဝယ်၊
တွေ့ဝေမှိုင်ငေး၊
ဖြေမအေးသည်၊
ရေဝေးကြာနှယ်–ပန်းတော့၍၊ ။

(၂) သုံးလူ့အဆွေ၊
ပရမေ၍
ခြောက်ထွေရောင်ဝင်း၊
ပြက်ပြက်ထင်းကို၊
ရုတ်ချင်းစိတ်ဝယ်–မှန်းတော့၍၊ ။

(၃) မှန်း၍ရည်သန်၊
အမိဋ္ဌာန်၍၊
ပြည့်ဟန် အရောင်၊
စောဘုန်းခေါင်၍၊
စက်ရောင်ကွန့်မြူး၊
အကျွန်ဖူးသည့်
မိုဃ်းနွှးပန်းနှယ်–လန်းတော့၍၊ ။

တက္ကသိုလ်ကျောင်းတိုက်နှစ်လည်မဂ္ဂဇင်း ၁၂၉၄-ခု၊ တမှိုတွဲလ၊

# ၄–လိပ်ပြာနှင့်ကြာကုမုဒ်

မြကန်သာဝယ် သင်းပျံ့ကြွယ်သည်၊
သွယ်သွယ်ကုမုဒ် ကြာကနုဒ်တို့၊
လဲ့လတ်လွှဲ့ထိ ဖူးပွင့်ချိသည်၊
ဒေဝီနတ်မိ တို့နှယ်တကား၊ ။

ဖူးလိပ်ပြေစ ရွက်ညိုမြတွင်၊
ရွရွနားကာ ပန်းလိပ်ပြာသည်၊
—သက်လျာနှမ ကုမုဒငယ်၊
စောင့်ရနောင့်ကို ချစ်ကြည်ညိုက၊
ပြုံးချိုမျက်နှာ လှစ်ပွင့်ပါ–ဟု၊
စာစာဖန်ဖန် ခွင့်ကြားပန်စဉ်၊
အိပ်ရန်ညချမ်း ရောက်ခဲ့၍၊ ။

လေညှင်းလေသာ လရောင်ဝါ၌၊
ဘယ်ညာနွဲ့နွဲ့ ချမ်းဖွယ်ငဲ့၍၊
—အိုဘဲ့ကြင်ဦး မယ့်သက်မှူးရယ်၊
ကြည်နူးချိုသာ ပွင့်လိုပါလည်း၊
မယ့်မှာဇာတ်ခြား ကုမုဒ်ဖွါးရှိ၊
နေ့အားမပွင့် လရောင်နှင့်မှ၊
ထူးတင့်ကြူစွာ ပွင့်ရပါ–ဟု၊
ဝိတာသာညှင်း ဖြေစဉ်တွင်းဝယ်၊
နေမင်းပေါ် ချိန်ရောက်ခဲ့၏၊ ။

နေဝင်မောင်ပိုက် လမိုက်မယ်ငုံ၊
မကြုံအခွင့် ကြင်ရေးဖင့်ခဲ့၊
သို့နှင့်နေရာ တနေ့ခါဝယ်၊

ဈွှကြာပန်း တပွင့်တုံမှ၊
ဝတ်မှုံဆင်သ နတ်မယ်လျှသည်၊
ဝင်းပကိုယ်လျှံ မြူးထွက်စံသော်၊
ဒိမာန်လဝန်း ပေါ်လှာထွန်းဟု၊
ထင်မှန်းမှတ်ကာ ကုမုဒ္ဒါသည်၊
ဝှံရာမှပွင့် သရေတင့်၍၊
စောင့်လင့်လိပ်ပြာ ချစ်သဟာနှင့်၊
မေတ္တာစက်တွင်း နှစ်ကိုယ်ဆင်းသည်၊
နတ်မင်းသူဇာ တို့နှယ်တကား။ ။

ဂန္ထလောက ၁၂၉၆-ခု၊ဝါခေါင်လ၊

## ၅-ကျွန်တောင့်တ

၁။ သခင်သခင် ကျွန့်သခင်၏၊
ကြည်လင် ရွှင်မြူး မျက်နှာထူးကို၊
လွှန်ဖူးချင်လှာ ကျွန်တောင့်တ။ ။

၂။ သခင်သခင် ကျွန့်သခင်၏၊
သန့်စင်ချိုသာ နှုတ်ပျူငှါကို၊
လွှန်နာလိုလှာ ကျွန်တောင့်တ။ ။

၃။ သခင်သခင် ကျွန့်သခင်၏၊
ပန်းသွင်ထီကုံး ချစ်စာလုံးကို၊
တပြုံးရွှင်ရွှင် ငွေလွှာစင်ဝယ်၊
ဖတ်ချင်မောလှာ ကျွန်တောင့်တ။ ။

ဂန္ထလောက ၁၂၉၆-ခု၊သီတင်းကျွတ်လ၊

# ၆—သက်ထားငယ်ကျွမ်း ဦးဆောက်ပန်း

၁။ ရီလွဲ့ဆည်းချာ တိမ်နီဖြာ၍၊
တိမ်ဝါခရမ်း တိမ်ရုံဆန်းက၊
ရွှင်လန်းကြည်ဖြူ ချစ်ရည်ဘူဘို့၊
မြိုင်ငှူတောစပ် သာသည့်ရပ်တွင်၊
ဇလပ်စပယ် အသွယ်သွယ်ကို၊
လဲလှယ်ပန်ဆင် ချစ်အကြင်နှင့်၊
ချိုစင်စကား မြွက်ပေါ် ကြားသည်၊
သက်ထားငယ်ကျွမ်း-ဦးဆောက်ပန်း။ ။

၂။ ဆီးနှင်းမြူတိမ် အသူရိန်တို့၊
ကင်းချိန်သမယ တန်ဆောင်သဒ္ဒ၊
အေးမြကြည့်ရွှင် တေးသံလွှင်၍၊
ဖြူစင်စိတ်တွင်း သဒ္ဒါပြင်းလျက်၊
ပျံ့သင်းမာလာ ရေနံ့သာနှင့်၊
ပန်ထွာသွန်းလောင်း မွေတော်ပေါင်းဝယ်၊
ဆုတောင်းဝပ်တွား မြွက်ပေါ် ကြားသည်၊
သက်ထားငယ်ကျွမ်း–ဦးဆောက်ပန်း။ ။

၃။ ယခုမူကား ကျွန့်သက်ထားသည်၊
ယုံမှားသောထွေ မကြည်လေဘဲ၊
ဖဲလေလွတ်ရာ ကျွန့်ကိုခွါရှင့်၊
မြိုင်မှာမြိုင်လျောက် ကြိုင်ရွှင်လှောက်၍၊
ပိတောက်ဆင့်ဆင့် ဖူးငုံပွင့်လည်း၊
ကျူးရင့်မြိုင်ယံ တေးတျာသံကား၊
ဆည်းကျုံခဲ့ပြီ ဆိတ်မသိရှင့်၊
မဒ္ဒီမကောင်း ကျွန့်စိတ်ပျောင်းပေါ့၊
အကြောင်းမတန် ခွန်းမပြန်ဘဲ၊

မျက်မာန်သာပွါး စိတ်ကစားသည်၊
သက်ထားငယ်ကျွမ်း-ဦးခေါက်ပန်း၊ ။

ဂန္တလောက ၁၂၉၆-ခု၊ သီတင်းကျွတ်လ၊

---

အခန်း—၇

ရေးသူ—မောင်ဘသောင်း

# ၁—ဆံထုံးရကန်

မင်္ဂလာမျှိုခမ်း၊ ပြည့်ဝင်း လျှမ်းသား၊ ခေါ်ရှမ်းအောင်စည်၊ ဖြိမ့်ဖြိမ့်ပြည်လျက်၊ ဝန်းလည်အဖြန့်၊ ဘဝဂ်နှံ့မျှ။ သင်းပျံ့ကြိုင်ရွှန်း၊ မေတ္တာပန်းကို၊ ဦးစွန်းထိပ်ပြင်၊ ရှိပန်ဆင်၍၊ ရေးတွင်စီခြယ်၊ ပုလဲသွယ်သို့၊ မကျယ်မကျဉ်း၊ နည်းရုံခင်း၍၊ လက်စဉ်းစွမ်းရည်၊ အတည်တည်ဖြင့်၊ ဖွေနည်းဆုံးစ၊ သီကုံး၍ ပြလိုက်မည်၊ ရကန်တကာ့အဘိုးအေ၊ ။

အကြေအညာ၊ မြေက န္တာတွင်၊ သင္ချောချော၊ တကယ်ချောတဲ့၊ ချောကလျှာတို့၊ ယဉ်ပါစေကြောင်း၊ ယဉ်မွှေးလောင်းထို့၊ ဖေါ့ဖယောင်းဟာန်၊ ကြော့လှတဲ့ သဏ္ဍာန်ကို၊ အဖန်ဖန်-အထပ်ထပ်၊ ရွှေကိုယ်ပါအပ်မည့်ရို၊ သပ်ယပ်ပြုပြင်၊ ရင်ဆိုင်-မရှိတရှိ၊ ပါးဒိုကလေးက-မပေါ်တပေါ်၊ သလုံးတော် ကလေးကလဲ-မသွယ်တသွယ်အပြင်၊ တကယ့်တကယ်, ယဉ်-ဗိတုန်းရောင်တောက်ပါတဲ့၊ သုံးတောင်လောက်ဆံကေသာ၊ ။

ရိမန္တနံ၊ ပြည်ပုဂံဝယ်၊ ကေသံ—ထုံးမြိတ်၊ ပုဏ္ဏရိတ်နှင့်၊ နိဂ္ဂဟိတ်လေးထောင့်၊ ရှစ်မြှောင့်နည်းရှိ၊ ငါးဆယ်ကျိုး၍၊ ငါးမျိုးဖြည့်စွက်၊ ရှိသည်ဘက်လျှင်၊ ပျောက်ပျက်နေခဲ၊ ရွှေလျှောရှာလေပြီ၊ ။

သိကာပတ်ကုံး၊ ပုပ္ပံထုံးဟု၊ ယဉ်ဆုံးတွင်မှတ်၊ ဘီးဆံပတ်၍၊ ထုပ္ပတ်ခြင်းရာ၊ အဖြာဖြာကို၊ ပေလာယျကန်၊ ၀, ကွက်၍ချန်ပြီးလျှင်၊ ရကန်ညာဏ်-ရကန်ပန်းစာအဆန်းကို၊ ဥဒါန်းဖြစ်အောင်ကြံရို၊ ။

ဓောဒ်လံထုံးနည်း၊ တံမြက်လှည်း- ပေါင်းချောင်၊ ထို့နောင်အိုး စည်၊ ရန်လည်ပတ်ပိုက်၊ ရန်တိုင်ရိုက်နှင့်၊ ငှက်သိုက်ဖူးတောင်း၊ ဖျာလိပ်ခေါင်း-ဒေါက်ချာ၊သညာတွင်တုံ၊ နွားချေးပုံဟု၊ လုံးရုံထွေ ပြား၊ထုံးနည်းများလည်း၊တခြားဘာသီး ပေါ်သည်တွင်၊ ။

ဆံထုံးကြီး- ဆံထုံးငယ်၊ ဆံထုံးလယ် ဆံထုံးလတ်၊ ဆံထုံး မတ်- ဆံထုံးမောက်၊ ဆံထုံးစောက်-ဆံထုံးကား၊ ဆံထုံးပြား-ဆံ ထုံးရှေ၊ဆံထုံးစွေ-ဆံထုံးခွဲ့၊ ဆံထုံးတဲ့- ဆံထုံးပိုင်း၊ ဆံထုံးတိုင်း လိုလိုပင်၊ ရှုမြင်သူစိတ်ပျက်၊ အခက်ကြီး ခက်လောက်အောင်၊ ရှုတ်ရှက်ခတ်—ပွေလချာ၊ဖွါစရို- ဆီမထဲ့၊ လန်ဒန်မယ့်ပုံပန်း၊ စံယူ ကာဆန်းပုံကာ၊ တောကျိုးကန်းမိုက်၊ ဝွကြားနှဲ၊ အသိုက်ဖွဲ့တဲ့— ပ မာပုံ၊ ။

ဆံမြိတ်တိုတထွာ၊ ဆံကေသာကို၊ ဆီမွှာနတ္ထိ။ မရှိဘလား။သူ ငါကိုဘန်းပြ၊ အာခြောက်တိုက်ချပြီးလျှင်၊ ကောင်းလှပြီ— တော်လှ ပြီ။မော်ရပြီ—ကြွားရပြီ၊ လှပေပြီအထင်နှင့်၊ တွင်တွင်ကြီးဟန်ရေး ပြ၍၊ ။

ရှေးဘဝကုသိုလ်ကံ။ အကျိုးပေးမဟန်သောကြောင့်၊ ကြုံပြန်ရ သည်တခါ၊ ဤကမ္ဘာမြေခေတ်တွင်၊ ပြောင်းဖူးမွေးဖြစ်ရာမှ၊သက် ဆစ်ခန္ဓာ၊ ကြွေလာမည်ဆဲဆဲ၊ အယူငယ် လွဲသောကြောင့်၊ တက တဲ-တက်တက်စင်၊ အကြင်သို့သောအပျိုတို့၊ ဟန်ပိုသော ဆံမြိတ် ဘဝသို့၊ ပြောင်းကြွကာ- သန္ဓေမှီးရာတွင်၊ အတီးကာလ၊ ဟိုဘဝ က၊မူလဓာတိ၊ မပျောက်နိုင်ရှိသဖြင့်၊ ဆီမရှိ-ဗလစ္ဖါ၊ ဝါကြန့်ကြန့် အသွေးရောင်၊ ကွေးတေးတေး- ကြောင်တောင်တောင်၊ မိုးမက ဟန်ဆောင်သော်လည်း၊ အောင်ကိန်းနှင့်လေချော်သည်ပင်၊ ။

မိုးမျှော်ပြုတ်၊ ပင်ဆူးပုတ်နှင့်၊ ပဲပြုတ်ဆီဆမ်း၊ အရုံပြွမ်း၍၊ တခမ်းစိဋ္ဌာ၊ ပင်ရုဏ္ဍာဟု၊ သညာခေါ်တွင်၊ မန်ကျည်းပင်၏၊ ညွှန့် ရှင်ဖူးခက်၊ ပွင့်အရွက်ကို၊ လက်သုပ်ပင်းလျှာ၊ ကျိုးချက်ခါဖြင့်၊ ရသာသုတိ၊ ပနာရှိသည်၊ ငါးပိ-ချဉ်ပေါင်၊ ဟင်းထွတ်ခေါင်ကို၊ သုံးဆောင်မိက၊ နောင်လျှင်တ,၍၊ အိုဖျာ့နော်ဖျာ၊ ပောာဒိပာာ

တော့၊ ဘယ်ခါမမေ့၊ တွေ့ချင်လှသေး၊ ငုံ့ကာသာလွေးရော့မယ့်ထို၊ အတွေးနှင့်ပင်ပန်း၊ အလွမ်းဆင့်ထပ်ကဲ၊ ဗိုလ်ထိုသာ ရွဲတော့သလို၊တကတဲ-စာရကာန်၊ အဖန်ဖန်–တ,ရှာမိပေသိမ့်၊စာကဗိ–စာကဗိန်၊စာစာမျာ့ချာဇိန်နှင့်၊ချခါချိန်သစ်ဆန်း၊ ခံထုံးမျိုးနိဒါန်းကို၊ ပေါ်ညွှန်း၍ပြဆိုပါသတည်းလေ၊ ။

တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်း၊ ၁၂၉၃-ခု၊ တော်သလင်းလ၊

# ၂–လဲ့လဲ့ဝင်း

လဲ့လဲ့ဝင်း၊ ၊ညှင်းညှင်းပြေပြေ၊
တိမ်ခြေမင်းလွင် မြူးပျံ့ရှင်၍၊
ဝန်းကျင်တောလုံး မြရည်ဖုံးသော်၊
စံနှုန်းဘက်ကင်း ချစ်သက်နှင်း၏၊
ရွှင်းရွှင်းကြည်ကြည် လ,လျှံခြည်သို၊
သွင်ရည်မျက်နှာ ရှုတိုင်းသာသည်၊
ဖြူပြာနွဲ့ရှင်း လဲ့လဲ့ဝင်း၊ ။

လဲ့လဲ့ဝင်း၊ ၊ချစ်တင်းပေါ်နှော၊
ကြင်သည့်ဇော့ဖြင့် မက်မောလွန်ပြင်း၊
ကျေးမျာ့မင်းလျှင် နောင့်ဆင်းသွယ်လျှ၊
မြင်လေကမူ သံမြဲငြိမ့်လေး၊
ရင့်ရှုကြွေးလျက် ဘယ်ရွေးကုံ့နှယ်၊
ဖန်ချယ်လှယ်ဟု သွယ်သွယ်အံ့ကာ၊
ချီးမွမ်းရှာမည်၊ ၊ဖြူပြာနွဲ့ရှင်း လဲ့လဲ့ဝင်း၊ ။

လဲ့လဲ့ဝင်း၊ ၊သင်းတပျံ့ပျံ့၊
ခင်းညှံ့သွံ့ဝယ် ဆင်းစုံမတူ၊
နှင်းနှံ့ကြူသား မဥ္ဇူသကာ၊
ပန်းရာဇဟု နာမသညာ၊

နှိုင်းအံ့ချီခဲ့ ဘုန်းညီသူသာ၊
ပန်ထိုက်စွာသည်၊ ။ဖြူပြာနှံ့ရှင်း လဲ့လဲ့ဝင်း၊ ။

တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်း။ ၁၂၉၅–ခု၊ နတ်တော်လ။

# ၃–နှင်းမှုံဝေ

၁။ မြူနှင်းမှုံဝေ ထုံလေညှင်းသွဲ့၊
သင်းလဲ့ပျံ့လွင့် သန့်စင်မြူးကွန့်၊
ဖူးညွှန့်ယှက်သွယ် ခက်နွယ်ညွတ်လျှံ့၊
ဆွတ်ပျံ့အုံ့မှူး ညှို့နွမ်းပန်းဝတ်၊
လှမ်းဆွတ်မှီကာ တီတာယိမ်းနွဲ့၊
တိမ်းငဲ့ခွေလှည့် ကြွေမည့်–ကြွေပုံ၊
ပြေပြေပြုံသည်၊ ။ဝေမှုံနှင်းမြူ–ဝင်းဖြူဖြူ၊ ။

၂။ မြူနှင်းမှုံဝေ ငုံရွှေဝတ်ရည်၊
ဆွတ်ကြည့်ဆွတ်နမ်း လွတ်ကျူးကြည်သက်၊
လည်ယှက်ရစ်ထွေး ချစ်သွေးညီမျှ၊
သိ,က နှုတ်ရွှာ ဥဩကျေးငှက်၊
ဆေးစက်သော့သွင် ကြော့ယဉ်ရွှင်မွေ့၊
ရင်ငွေ့ဖွေ့လင့် ဆွေသင့်ဆွေရုံ၊
ပြေစေလှုံသည်၊ ။ဝေမှုံနှင်းမြူ–ဆင်းတူတူ၊ ။

၃။ မြူနှင်းမှုံဝေ ယုန်ငွေစန်းပွင့်၊
လမ်းသင့်သိုင်းခြုံ မှိုင်းမှုံလှစ်ခွင်း၊
ချစ်တင်းသက်ခေါ် ငှက်တော်လင်းပြာ၊
ယင်းမာစကား ချယားရွှေရည်၊
ဝေစည်ရှင်းသန့် ဝင်းဖန့်လျှံဖြာ၊

သင်္ချာရွှေခက် ရွှေရှက်ရွှေငုံ၊
တွေတွေရုံသည်၊ ။ဝေမှုံနှင်းမြူ–သင်းကြူကြူ၊ ။
တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်း။ ၁၂၉၅ ခု။ တပေါင်းလ။

# ၄–လွမ်းစေတီ

လွမ်းစေတီ၊ ။နေရီမှေးမှေး တိမ်ရေးရေးဝယ်၊
ဖွေးဖွေးသန့်စင် ငွေခြည်ဆင်လျက်၊
ရွှေမင်ခြယ်တင့် ရောင်ရုံပွင့်သား၊
မင်းမင်းဥက္ကံ့ မြတ်ထက်မြတ်ကို၊
သတ်မှတ်ရွယ်ရည် တည်ခဲ့သည်တည့်၊
မကြည်ဆင့်သိုင်း ဗျာပါလှိုင်းမျှ၊
ရှုတိုင်းဝန်းဝေ့ လေသွန်း၍သျှင်၊
ကြွေ့ကြွေ့ချယ်စိ ပြေဖိမ့်ရည်လည်း၊
ဗိုဗိုမင့် ဆည်မတန့်ဘဲ၊
သိဒ္ဓံမူးမူး ဆွတ်လွတ်ကြူးခဲ့၊
ညွှတ်နူးမချွင် ထွတ်ဦးတင်၍၊
"သခင်နှင့်သာ၊ ကြင်သင့်ရာ"ဟု၊
ကလျာ့နွဲ့ရွှန်း၊ ဆုမွန်သွန်းသည်၊ ။
နန်းမကောသီ နန်းကောသီ၊ ။
နန်းကောသီ၊ ။ရွှေရည်လဲ့လဲ့ နွဲ့ရရဲ့သျှင်၊
ယဲ့ယဲ့သမ်းပျောင်း မလွမ်းတောင်းတည့်၊
ကျွမ်းပေါင်းသို့ပင် ရေးရေးထင်လျက်၊
စက်ရှင်ဘုန်းခေါင် မိတည်းနောင်ဝယ်၊
ရွှေရောင်နှင့်မြ မွှေးမွှေးပျသည့်၊
အလှ့ဘက်ရှောင် သ့ထက်ဆောင်ဖြင့်၊
"နောင်နှင့်ဆက်တိုင်း ချစ်ကြိုးဆိုင်းလျက်၊
ထပ်လှိုင်းမေတ္တာ ရစ်ကာကာသျှင်၊

သစ္စာမသွေ ချစ်ပါထေ၍၊
နေလည်းတူပင် ကြင်လည်းဇမြဲ၊
ရွဲလည်းနှစ်ကိုယ် ပျော်ကြသို့”ဟု၊
သံချိုနုတ်လွှတ် နောင့်အားညွှတ်လျက်၊ ။
ခွတ်ခွတ်ကြည်လျှင်း ချစ်သက်ကျွမ်းသည်၊
လွမ်းမျှားစေတီ လွမ်းစေတီ၊ ။

ဂန္ထလောက-၁၂၉၆-ရ၊ ဝါခေါင်လ။

---

အခန်း—၈

ရေးသူ—စောမောင်မောင်

# ၁—မယ်ဘွဲ့ပိုဒ်ရံစကြာရတု

၁။ တွေ့မှိုင်တွေ့မှိုင်၊ ခွေကာယိုင်၍၊
မှေ့နိုင်မှေ့နိုင်၊ မောင့်သည်းဆိုင်မှာ၊
နေပြိုင်၍ထွန်း၊ သို့ပူလွှန်းခဲ့၊
ကြာပန်းစစ်ပုံ၊ သက်လုံသက်ထား၊
ဒေဝီဖျားနှင့်၊ မောင်ကားတရွာ၊
မယ့်မှာတပြည်၊ ဖြစ်ရသည့်ကြောင့်၊
မဆည်ပါနိုင်၊ မျက်ရည်အိုင်နှိုက်၊
ဖြိုင်ဖြိုင်လှိုင်းထူး၊ ထကြွမြူးခဲ့၊
ချစ်ဦးမယ့်ကြောင့်၊ ဗျာပါနှောင့်၍၊
လွမ်းငြောင့်စူးစူး၊ လွမ်းရှူးသဲသဲ၊
လွမ်းပွဲဆင်ကာ၊ လွမ်းမိုးရွာ၍၊
လွမ်းတာမပျယ်၊ လွမ်းခွယ်ရစ်ပတ်၊
လွမ်းခါတ်မကုန်၊ လွမ်းဟုန်မပြေ၊
တပေပေတည့်၊ လျော်ရွှေအိအိ၊
သည်မယ်မိနှင့်၊ မချိစရာ၊

ဟာသော်ဘော်ကွဲ၊ ဝမ်းဘဲဘော်ကွာ၊
ကဲ့ပမာသို့၊ မောင်နှမထွဲ၊
လည်ရွဲ့သက်လျှာ၊ ကြွခဲ့လာလျှင်၊
ရတနာကိုယ်လုံး၊ သိမ်းတည့်ကြုံး၍၊
သက်လုံးသေတိုင်၊ ဖူးစာပြိုင်မည်၊
ရွှေပိုင်ဇမ္ဗူ ရာဇာကိုလည်း။
၂။ ရွှေပိုင်ရွှေပိုင်၊ ဇမ္ဗူခိုင်ငယ်၊
ငါးဆိုင်ငါးဆိုင်၊ ကလျာပိုင်၍၊
မှုံလှိုင်ကာသစ်၊ ကဏ္ဍချစ်မှာ၊
ခြောက်ပြစ်ကင်းကွာ၊ လက္ခဏာကြွန်နှု၊
ပုလဲဥတို့၊ မြင်ရှုလွန်မော၊
မြကြောစိမ်းစိမ်း၊ ရှိမ်းရှိမ်းလန်းလန်း၊
ထွန်းသစ်စန်းတည့်၊ နေဝန်းတက်စ၊
မဒီလှနှင့်၊ ဗုဒ္ဓမွေပေါင်း၊
ကိန်းအောင်းရံညို၊ ဘယ်စေတီဝယ်၊
ခြောက်ချိုလက်မုံ၊ ဘယ်စည်းခုံဝယ်၊
ခြောက်ရံလျှံလူ၊ ဘယ်ရွှေဂူဝယ်၊
ကြည်ဖြူမြတ်နိုး၊ ဘယ်ပုထိုးဝယ်၊
ရှိခိုးထွေထွေ၊ ဘယ်ဓာတ်မွေဝယ်၊
ရိုသေသသမှု၊ ဘယ်ဆင်းတုဝယ်၊
ဆုယူဆုတောင်း၊ ပြုပါရှောင်းမှ၊
ယဉ်ပျောင်းမောင်သက်၊ လှမွှတ်ညက်နှင့်၊
ရွှေလက်ဆွဲဆွဲ၊ ရွှေလည်တွဲ၍၊
ထိုင်မြဲမကွေ၊ နေလည်း လည်ဘက်၊
စက်လည်း တူပင်၊ ဝင်လည်း ယှဉ်လျက်၊
ထွက်လည်း မကွာ၊ နေရာ မကွဲ၊
ရှဲလည်းတူပြိုင်၊ ချစ်နှံ့လှိုင်မည်၊
ကောခိုင်မဥ္ဇူ နှစ်ကိုလည်း။ ။

၃။ ကေခိုင်ကေခိုင်၊ မဥ္ဇူကြိုင်သို့၊
မျှုံလှိုင် ပျှုံလှိုင်၊ ပြစ်ခြောက်ဆိုင်မှ၊
ကင်းနိုင်လေသား၊ နတ်ပယိုးမှားကို၊
ဆဝ္ပါးဆဝ္ပါး၊ ချစ်သနားလျက်၊
ဘန်များခါခါ၊ ရှုသို့ငှါဖြင့်၊
မောင့်မှာခိန်းမူး၊ နှမ်းရှူးမလောက်၊
စိတ်ဝယ်ဘောက်လျက်၊ ရွှေမြောက်လေဧ၊
သွန်းဆေဘ်သွေးသော်၊ ပေါ်ဝေးကွာသူ၊
ပေါ်မူစိမ့်ချမ်း၊ ဝမ်းတွင်းမှာကား၊
ဝိဝိသားသို့၊ ခုနစ်ပါးနှေ့ပွင့်၊
တူတာမျှင့်တည့်၊ မြတ်မြင့်သကျ၊
သုံးလူ့ဘလျှင်၊ ဒုက္ခာအာခေါင်း၊
ငြိမ်းစေကြောင်းကို၊ ညွှတ်ပျောင်းဝပ်တွား၊
ပန်လျှောက်ကြား၏၊ နောက်များဘဝ၊
ဖြစ်သမျှတွင်၊ ဒုက္ခဗျာပါ၊
ကွာကြီးကွာ၍၊ နှစ်ဖြာ မယ်မောင်၊
နိဗ္ဗူသောင်သို့၊ တူကူးစို့ရှင့်၊
လွမ်းဆို့ရစ်၍၊ တောင်ချောင်ကွေ့ဘာ၊
သွန်းငွေမှိုင်းရီ၊ လေရူးချီသော်၊
မဒီသက်ထား၊ မောင့်သည်းကြားကို၊
လွမ်းအားပိုမို၊ ယှိုက်လှိုက်ဖို၍၊
ပျောင်းပျှိုအိညက်၊ ရင်ခွင်ထက်တွင်၊
လျောင်းစက်မွေကာ၊ မြူးစွာသာလျှင်၊
မောင်နေချင်၏၊ ကြည်လင်တူတိုင်၊
ချစ်တင်းပြိုင်မည်၊ တွေမှိုင်ချစ်သူ စစ်ကိုလည်း။ ။

## ၂-မောင်ဘုံဖိုဒ်ရုံ

(၃၅-ပါဒစီ)

၁။ ပထွန်းပိုင်းစွာ မိုးအာကာက၊
မျှားစွာမှူးမတ် ကြယ်နက္ခတ်တို့၊
ဝန်းပတ်တိုးလျှိုး ညွတ်ကျိုးပိုင်းရံ၊
ညီလာခံသည် နန်းစံဧကရာ၊
ငွေသော်တာကား မသာလည်းတ၊
သာလည်းတတည့် လောကမြူတော၊
လူများဆွေကို တိမ်ခြေပတ်ချုပ်၊
မှိုင်းတည့်အုပ်၍ တိမ်ပုပ်လွှမ်းကာ၊
မထင်းလာသော် ဒေဝါပဇ္ဇုန်၊
ကာရန်အထူး မိုးဘုံကျူး၍၊
ရွှင်မြူးခါခါ အသာတတန်၊
အထန်တကြိုက် တပြိုက်တနည်း၊
အသည်းတကြိမ် ပြင်းရှိန်တမျိုး၊
ဖြိုးဖြိုးဖြိမ့်ဖြိမ့် သိမ့်သိမ့်သံညောင်း၊
နတ်စည်မောင်းနှင့် သွန်းလောင်းဖိဖိ၊
ရွာကြီးရွာထ စွေသွန်းချသော်၊
သက်မျှချစ်ခင် ငယ်ပေါင်းကြင်ကို၊
မရွှင်တမ်းတ မိတော့သည်၊ ။

၂။ လှကျွန်းနိုင်းရာ စံကင်းကွာဟု၊
မျှားစွာလူမိုက် အုံကြွခိုသည်၊
ရွက်ငိုယ်သက်ထား မယ့်သည်းကြွားကို၊
ထိပ်ဖျားနိုင်းချိန် တာဝတိံသာ၊
ဒေဝိန်မာစာ ပြိုင်လာသလည်း၊
အလှတူညီ မသာပြီဟု၊

ရုဋ္ဌိမဆို မပိုစကား၊
ပြောကြားစလောက် အလှမြောက်ခဲ့၊
တယောက်တင့်ခေါင် ချစ်သည့်မောင်ကို၊
ငွေချောင်ဖြေ ဆီးနှင်းကျ၍၊
နွေလသန်ခေါင်း ပြန်တပြောင်းတည့်၊
မြူပေါင်းဘိကာ ဟိမဝါဟု၊
သေလာတောင်စပ် သေန်ရပ်က၊
တိုက်ခပ်လေဧ သွန်းဆော်သွေးသော်၊
ကြင်ဝေးကွာသူ သည်မယ်ပူခဲ့၊
ကျွမ်းဆူဗျာပါ မီးရှိန်ဝါ၍၊
ချစ်စွာအရှင် သူတော်စင်ကို၊
သခင်လွှမ်းလှ ဘိတော့သည်၊ ။

၃။ မြဝန်းဆိုင်ကာ ထက်ဝန္ဒာသည်း၊
ညှိုပြာနှင်းနှင် မှိုင်းမင်းလွှင်နှင့်၊
မြှုင်ခွင်ရုံဌမ်း ရဂုံလမ်းလည်း၊
ပိုလွှမ်းသာခေါင် မြရောင်တဝက်၊
ဈွရည်ပက်၍ မြရွက်မဆိုင်း၊
သစ်ပင်တိုင်းတို့ မနှိုင်းစရာ၊
ရှာဘွယ်သာလျှင် ဈွဝါရွက်ဟောင်း၊
ဘဝပြောင်းသော် နှုပျောင်းသဏ္ဌာ၊
နီဝါဖူးညွှန့် ပုရစ်တွန့်တို့၊
ထပ်ကွန့် မင်းပြု၊
သောရ တုနှိုက်၊
ချမ်းမှုမချင်း လေပြင်းမသန်၊
ပြင်းထန်မပူ မြူလည်းမလွှန်၊
ညွှန်လည်းမခ မိုးကမရွေ၊
ရေကမညွှမ်း မြှိုင်တောဌမ်းနှင့်၊

မြစ်ကမ်းတခို သဲသောင်ရိုသော်၊
မယ့်ပျိုသက်ထား မယ့်ကိုယ်စားကြောင့်၊
သနားခွတ်ကြင် မယ့်ဘဝင်ကို၊
အရှင်နှမ်းလျှ ယိုတော့သည်၊ ။

တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်း၊ ၁၂၉၅-ခု၊ နတ်တော်လ၊

## ၃=ပိုဒ်စုံမောင်ဘွဲ့

(၄၂-ပါဒစီ)

၁၊ ရွှမ်းစို ရွှမ်းစို ရွှေရောင်ရို၍၊
ထိုထိုလှူနတ် ဦးညွှတ်ရှိပန်း၊
ဘဝင်စွန်းသို့ တက်ထွန်းရောင်ဟုံ၊
ဂုဏ်ပေါင်းစုံသား တံဂုံမည်သိုး၊
မြတ်စောဝိုး၊ ၊မကြိုးသက်ရှယ်၊
အငယ်မျက်မည်း သွေးရန်းတည်းက၊
ချစ်ရည်းသက်ပုံ ရ၍လှုံခဲ့၊
ကြည်ယုံညွှတ်နှူး ပျော်ကြဘူးလည်း၊
တထူးမယ်နှင့် သခင်သင့်၍၊
ရွှဲဖင့်မေ့မှား သနားမည္ဇာ၊
ထောက်မတာခဲ့ မသာနှုလုံး၊
ယူကြုံးမရ ဖြစ်ပါလှလည်း၊
သက်မှုကြင်နာ သည်မယ်မှာမူ၊
မေတ္တာမခန်း လွှမ်းပန်းပင်ပွင့်၊
လွှမ်းထပ်ခင့်လျက် လွှမ်းနှင့်မိတ်ဆွေ၊
ဖွဲ့ရလေခဲ့ နှမ်းရွှေယိုယိုင်၊
အရူသည်းဆိုင်ကို ဖျက်ချိုင်သောနှယ်၊
ပူပုံကြွယ်၏ လွှမ်းဘွယ်မပြမ်း၊
လွှမ်းပွဲသိမ်း၍ လွှမ်းယိမ်းမရင်၊

လွမ်းပင်မကြီး လွမ်းမီးမပူ၊
ပျော်ပွဲမှုသည်၊ ။ယှဉ်တူစက်ရဘိမှုကား။

၂။ လွမ်းပိုလွမ်းပို ကျွမ်းကာပြိုမျှ၊
သဲဒိုရှိုက်ငင် မရွှင်နွမ်းနွမ်း၊
တတမ်းတတ တရရတည့်၊
တောင့်တခေါ်ခေါ် တကျော်ကျော်နှင့်၊
ကျွမ်းဘော်ကင်းကွာ ငှက်ပမာသို့၊
မယ့်မှာခွေနုံး မယ့်ပန်းကုံးကြောင့်၊
ယူကြုံးမရ ပင်ပန်းလှခဲ့၊
စိမ်းမြဝေဝေ မြေလည်းသာငြိမ်၊
တိမ်လည်းသာမော တောလည်းသာခေါင်၊
တောင်လည်းသာထွေ ရေလည်းသာလွန်း၊
ပန်းလည်းသာလှိုင် တကြိုင်ကြိုင်တည့်၊
ထုံးအိုင်မြစ်လောင်း ငှက်ပေါင်းရုံရ၊
သည်ရတုနိူက် ချစ်မှုဘွေလာ၊
ငှက်ကြိုးကြာနှင့် ဟသ်ာမောင်နှံ၊
ရေနန်းစံလျက် မြစ်ယံကမ်းမော်၊
ငွေသဲပေါ် နိူက် တူပျော်ရုံမက်၊
လည်းချင်ယှက်၍ ချစ်သက်ဝေကြ၊
သည်မယ်လျှက်ကို အားကျလေအောင်၊
သွေးကာထှောင်သော် ချစ်နှောင်သက်ထား၊
မောင့်စိမ်းကားကို၊ တအားမွေ့ထူ၊
ပိုက်ကာမြှူသည်၊ ။စဉ်ယူဘက်ရဘိမှုကား။ ။

၃။ တမ်းဆိုးတမ်းဆို တဖိုဖိုဘည်း
ရွှေကိုယ်စိမ်းကား မယ့်သည်းကြားမှု၊
တပါးသူကြောင့် ချစ်စိတ်နှောင့်ခဲ့၊
တတောင့်တတ မျှော်ပါရလည်း၊

အစမမြင် မွေ့မထင်အောင်၊
သွေ့အင်မှုန်းတီး မျက်တော်ကြီးခဲ့၊
ကိုယ်ထီးဆိုတ ကြောင့်ကြမရှင်၊
သူမမြင်၍ လွှမ်းဆင်ကြီးလှ၊
ကျွန်တော်မမှာ ရွယ်လျှင်ယပ်စွာ၊
မြိုဘ်လွယ်ခါက သည်းမွှာနှလုံး၊
အကုန်ကြုံး၍ သက်ဆုံးပေါင်းမည့်၊
ယုံမိသည့်ကြောင့် မကြည့်ရှင်ပြုံး၊
ခွေနုံးနွမ်းလျှ ဖြစ်ပါရခဲ့၊
ဒုက္ခဗျာပါ ကြီးမားစွာကို၊
ပယ်ကွာဝေးအောင် ဘုန်းတော်ချောင်ဖြင့်၊
ရွှေတောင်ကြီးလား လေးပါးခတ်ပုံ၊
ရွှေဘိဂုံကို ကြည်ယုံပိတ်ထား၊
ဦးညွှတ်တွား၍ လျှောက်ထားခါခါ၊
ပန်ကြားပါ၏ မချာနေ့ရက်၊
အစဉ်ဆက်လည်း ချိုမြက်ဆွမ်းပူ၊
ပို့ကပ်လှူသည်၊ ။မညှူဆက်ရဘိမူကား၊ ။

တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်း ၁၂၉၅-ခု၊နတ်တော်လ၊

# ၄-ရောဝတီမြစ်စေ ပို့ဒ်စုံ

(၃၁-ပါဒ်စီ)

၁။ တငြိမ့်ငြိမ့်သျှင် သေနင်္ဂင်က၊
ကြည်လင်ပြရောင် ရေကိုဆောင်လျက်၊
ကမ်းတောင်ကုန်းမော် ရှိမြောင်ကျော်၍၊
ရှင်တော်ပုညာ မြတ်ဖိနှုနှင့်၊
ကြက်ကျ ကြက်ယက် ရွှေလျက်သွန်းပုံ၊

ထူပါရုံနှင့် စည်းခံပုဂံ၊
ရောင်လျှံကွန့်ဖြာ အာနန္ဒာက၊
စသည့်မြတ်ဘုရား အပါးပါးကို၊
ဝင်တွားဆိုက်ဆိုက် ဦးဖြင့်ခိုက်လျက်၊
မကိုဋ်ပန်းသွင် အမြဲဆင်သည်၊
မြယဉ်မဟာ မြစ်ဧရာ၊ ။
အောက်ရွာဒေသ ရောက်လတ်ကမူ၊
လွလွပြာပြူ မောင့်သည်းအရှူအား၊
သင်မူမြင်တိုင်း တန့်မဆိုင်းဘဲ၊
လွမ်းလှိုင်းတကာ တ—လျက်ပါကို၊ ။
သေချာတစေ လျှောက်ထားလော။

၂။ တစိမ့်စိမ့်လျှင် မြစ်ညာခွင်နှိုက်၊
မရွှင်တမ်းတ မောင်နွမ်းလျခဲ့၊
သက်မျှနတ်သွင် ကွေရအင်ကြောင့်၊
ငွေသွင်နှင်းဖွေ လင်းမပြေသော်၊
ဆင်းရွှေမြဝါ မောင့်သက်လျှာနှင့်၊
ခါခါဆက်ကဲ ကြင်ကြမြဲကို၊
ဖန်လဲမမေ့ တစေ့စေ့နှင့်၊
တထေ့ထေ့သာ အောင့်မေ့ပါခဲ့၊
ဟေမာဝန်မြိုင် သာဂနိုင်ဝယ်၊
ညှာဆိုင်ပန်းဝတ် မြောက်လေဆွတ်က၊
ကိုယ်ညွတ်တွဲ့တွဲ့ ယိမ်းနွဲ့နွဲ့နှင့်၊
ဖိန်းဘွဲ့တုန်ချမ်း ပေါ်မူလွမ်းလည်း၊
မီးကျွမ်းသည်းအရှူ တောက်လောင်ပူ၍၊
ခွန်ဆူနေမင်း တပြိုင်ပြင်းသို့၊
ကြောင်းခြင်းထွေသာ စေ့ရစ္စာလျှင်။ ။
သေချာတစေ လျှောက်ထားလော၊

၃။ တဖိန့်ဖိန့်လျှင် တုန်လျှပ်ပင်တည်း၊
ကေရှင်သွယ်ဖြာ ငါးကလျာနှင့်၊
ပြစ်ဆာမစက် ပွန်ပြာညက်ကြောင့်၊
အသက်ကြွေအုံ့ ဖြေမတန့်ဘဲ၊
ဆွတ်ပျံ့၍သာ နေရရာကို၊
ပေါမာခေါင်းချမ်း မောင်သရမ်းလည်း၊
စိတ်ဝမ်းဝန့်တို ထဲသိုရန်ညှိုး၊
မှန်းမာန်ပျူး၍ သမ်းညှိုးခွေပျောင်း၊
ရှိစေကောင်းဟု သွန်းလောင်းငွေနှင်း။
ဇွေစေဖြင်းသော် ပြင်,တွင်းစံလျှော်၊
ဆင်းစန္ဒော်နှင့် တူပျော်စံမှ၊
ညွှင်းပန်းလှသည့် လာမချမ်းခေါင်း၊
ဝေးရာမောင်း၍ ခွဲ့စောင်းတိုက်မည်၊
စိတ်ရည်ကြိတွေး အရေးရေးကို၊
ဘော်သွေးသာယာ မောင်ဇရာသည်၊ ॥
သေချာတစေ လျှောက်ထားလေ။

သမဂ္ဂမဂ္ဂဇင်း ၁၂၉၅-ခု၊တပေါင်းလ။

# အိမ်တွင်းတက္ကသိုလ်ကျမ်းစဉ်

ဤကျမ်းစဉ်တွင်၊ပညာရပ်အမျိုးမျိုးနှင့်ပတ်သက်သောစာများပါဝင်သည်

၁။ အဏုမြူ=ရေးသူ—အီ၊အင်၊ဒစ်၊ အန်ဒရာဒ်။
အနက်ပြန်သူ—ဦးဖေမောင်တင် ....... ....... ၈—၀၊

၂။ အဏုမြူဒီပနီ=ဆာ၊ ဝီလျံ၊ ဗရက် စီရင်အပ်သော ''ဓမ္မတာတရားသဘောအကြောင်း''ဟူသော စာအုပ်၏ပဌမအခန်းမှဦးဖေမောင်တင် သင့်လျော်အောင်ပြုပြင်ရေးသားသည်။ ရုပ်ပုံများပါသည်။ ....... ၄—၀။

၃။ သိပ္ပံပညာ=အီ၊ဂျေ၊ဟုမ္မရာတ်ရေး။အနက်ပြန်သူဦးသန်းအောင် ၄၀

# ကမ္ဘာစာညွန့်ပေါင်းကျမ်းစဉ်

ကမ္ဘာပေါ်တွင်အကောင်းဆုံးသောစာပေကျမ်းဂန်များမှ။အနက်ပြန်သောစာအုပ်များ

၁။ ဆရာဝန်ပါဘဲပြဇာတ်=ရေးသူ—ပြင်သစ် စာရေးဆရာ—မိုးလျဲ။
အနက်ပြန်သူ—ဦးဘသောင်း ....... ....... ၇—၀၊

၂ ပလုပ်ဘုတ်ဘုတ်=ရုရှစာရေးဆရာ—တောလစတွိုင် ရေးအပ်သော ဒဏ္ဍာရီမှအနက်ပြန်ခြင်း....... ....... ....... ၂—၀၊

၃။ မဟာဆန်ချင်သူပြဇာတ်=ရေးသူ—ပြင်သစ်စာရေးဆရာ—မိုးလျှဲ။
အနက်ပြန်သူ—ဦးသိန်းဟန် ....... ....... ၁၂—၀

# ခေတ်စမ်းစာပေကျမ်းစဉ်

ခေတ်လျောက်ပေါ်ပေါက်လာသော၊စကားပြေ၊ကဗျာများ

၁။ လှအခိုးမယ်ဝတ္ထု=ရေးသူ—သိပ္ပံမောင်ဝ ....... ....... ၆—၀

၂။ ခေတ်စမ်းပုံပြင်များ=ပဌမတွဲ ....... ....... ....... ၁၂—၀

၃။ ခေတ်စမ်းကဗျာများ=ပဌမတွဲ ....... ....... ....... ၈—၀

အခြားကျမ်းစာအုပ်များ

၁။ ဟာလင်ဖိုဗုရားဝတ္ထု= အနက်ပြန်သူ—ဦးငွေခိုင် ....... ၁—၀

၂။ ဂန္ထလောကမဂ္ဂဇင်း=အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် လစဉ်ထုတ်။ ပညာရှိအများပါဝင်ရေးကြ၍၊ ကျောင်းသားများနှင့် အသင့်လျော်ဆုံး မဂ္ဂဇင်းဖြစ်သည်၊ တအုပ် ၆-၀။ တနှစ်အတွက် ၃-ကျပ်။

စလေအညာကဗြွေဆရာနှင့်အခြားကဗျာများ= (ပြုပြင်ဆဲ)

အင်္ဂလိပ်အစမ်းစာများ= (ပြုပြင်ဆဲ)

**မြန်မာနိုင်ငံပညာပြန့်ပွါးရေးအသင်း**

တက္ကသိုလ်ကျောင်းတိုက်၊ ရန်ကုန်မြို့

PRINTED AT THE PYI GYI MUNDYNE PITAKA PRESS—RANGOON.